mmcybermedia.com

# မဘက်လိုက်တော့ မိုက်ဘက်ပါ

သုတေသီ ဘုန်းမြင့်သွေး

*မိန်းမကောင်းကြောင်းစာအုပ်မဟုတ်ပါ။

*ကိုယ်ကိုယ့်ကို သူတော်ကောင်းဖြစ်အောင် နေထိုင်သွားရာမှာ မှားတတ်တာလေးတွေကို ကြိုတင်သိဖို့ပါ။

မြတ်ပန်းရဂုံစာပေ- ၄၇၃(က)၊ နီလာဗလမ်းရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

ဖုန်း-၀၉၅၁၃၉၄၅၀၊ ၀၉၅၅၅၇၄၃

**ဖန်တီးသောမိန်းမ**

ချစ်လင်၊ လိင်သဘာဝနှင့် လူမှုရေးရာတို့၏ ဆက်ဆံရေးသဘောတရားအား နားလည်သော ဇနီးကိုရရှိအောင်လင်ယောကျ်ားသည် ကံကောင်းသူဖြစ်တယ်။ မိန်းမတွေဟာ ယောကျ်ားကို လူကောင်း (သို့မဟုတ်) လူဆိုးဖြစ်အောင် ဖန်တီးနိုင်သော စွမ်းအားရှိတယ်။ ယောကျ်ားတစ်ယောက်ဟာ "မ" ဘက်ပါလွန်းရင် "မိုက်" ဘက်ပါတတ်ပါတယ်။

**မစိတ်**

အချို့သတ္တဝါများက "မ" စိတ်ကြောင့် အသက်အသေခံကြတယ်။ အချို့ယောကျ်ားများက မစိတ်ကြောင့် စီးပွားရေး အခြေအနေပြတ်ကြတယ်။ အချို့ယောကျ်ားများက"မ" ဘက်လိုက် "မိုက်"ဘက်ပါပြီး ဘဝအပျက်ခံတတ်ကြပါတယ်။

# မာတိကာ

၁။ ရည်းစားလူလု အူးနကျွဲခတ်

၂။ မချစ်ရင်မနေနိုင်တာကလွဲလို့

၃။ ဇမ္ဗူကိုကိုရဲ့ဘဝအခြေအနေ

၄။ အဓိပ္ပာယ်ရှိတဲ့ရေတစ်ငုံ

၅။ လိင်စိတ္တဇ

၆။ အချစ်ကံခေသူ

၇။ ညမင်းသား တစ်ယောက်

၈။ အဖော်တစ်ယောက်

၉။ အပူဆုံးမီးကို တိုးဝှေ့

၁၀။ ထွန်းထွန်းဦးရဲ့အဖြစ်အပျက်

၁၂။ ဦးထွန်းမောင်ရဲ့မဘက်လိုက်ခြင်း

၁၃။ ပတ်ဝန်းကျင်နှင့် အကျင့်စာရိတ္တ

၁၄။ ရည်းစားထား၍ ဘဝပျက်သူ

၁၅။ ကုန်သည် ဦးသောင်းအဖြစ်

၁၆။ အဆိုတော်တစ်ဦး

၁၇။ တစ်ဖက်သတ်အချစ်

၁၈။ ဖဲသမားဘညို

၁၉။ ကျော်ဦးရဲ့လမ်းမှားခြင်း

၂၀။ ကိုသန်းအောင်ရဲ့ ဘဝအတွေ့အကြုံ

၂၁။ ဦးလွန်းမောင် မစိတ်မွန်ခြင်း

၂၂။ မိန်းမအတွက်ငွေ

၂၃။ လူ့အနှစ် သို့မဟုတ် အကျင့်စာရိတ္တ

၂၄။ ဦးပညာဝံသရဲ့ ဘဝအပြောင်းအလဲ

# အမှာစာ

မဘက်လိုက်လို့ မိုက်ဘက်ပါတဲ့ ဇာတ်လမ်းတွေဖြစ်ပါတယ်။ စာရေးသူကိုယ်တိုင် တွေ့ကြုံဖူးတာရော၊ ကြားဖူးတာတွေပါ ရေးထားပါတယ်။

သည်စာအုပ်ရေးဖို့ကို လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကတည်းက စဉ်းစားမိခဲ့တယ်။ အကြောင်းအရာတွေ မရသေးတော့ တော်တော်နဲ့ စာမူမရေးဖြစ်လာခဲ့ပါဘူး။

ရေးချင်စိတ်ရှိပေမယ့် အကြောင်းအရာမရတဲ့အခါ စာမူဖြစ်မလာခဲ့ပါဘူး။ သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင် ထိုင်တဲ့အခါ၊ မြို့ရွာလည်ပတ်သွားတဲ့အခါ "မဘက်လိုက် မိုက်ဘက်ပါ" အကြောင်းကို ပြောခဲ့မိပါတယ်။ မိတ်ဆွေတွေက သိသလောက် ပြောခဲ့ကြပါတယ်။ သူတို့ရွာက ဘယ်သူက ဘယ်လိုဖြစ်တယ်၊ သူတို့မြို့က ဘယ်သူက မိုက်ဘက်လိုက် မိုက်ဘက်ပါတယ် ဆိုတာကို ကြားနာမှတ်သားပြီး စာအုပ်ပြုစုတာပါပဲ။

ဘဝမှာ လူဟာ မှားတတ်ပါတယ်။ မဘက်လိုက် မိုက်ဘက်ပါတဲ့ အမှားက အလွန်ဆိုးပါတယ်။ အချို့က မဘက်လိုက်လို့ ဘဝတစ်ခုလုံးတောင် ပျက်သွားတယ်။ အချို့က မဘက်လိုက်လို့ စီးပွားရေး၊ ကြီးပွားရေး ပျက်သွားတယ်။ လောကကြီးမှာ ဖိုနဲ့မ ဆိုတာ ရှိတယ်။ ရှောင်လွှဲလို့ မရတဲ့သဘောပါပဲ။ အရာရာကို မနဲ့ ပတ်သက်လာရင် သတိကြီးစွာ ထားရပါမယ်။ မဘက်လိုက်လို့ မိုက်ဘက်ပါမိရင် ပြင်ရခအလွန်ခက်ပါတယ်။ လူ့လောကမှာ နာမည်လည်း ပျက်တတ်ပါတယ်။

သည်စာအုပ်ထဲ့မှာပါတဲ့ အဖြစ်အပျက်လေးတွေဟာ တကယ့်အမှန် ဖြစ်ခဲ့တာတွေ ဖြစ်တယ်။ မြို့ရွာနာမည်၊ လူနာမည်တွေ ပြောင်းပြီး စာရေးသူရေးတာပါ။ မနဲ့ပတ်သက်လာရင် သတိရှိရအောင် စသည်စာအုပ်လေးက အကျိုးပြုပါလိမ့်မယ်။

*မဘက်လိုက် မိုက်ဘက်မပါကြပါနှင့်။*
*သုတေသီ ဘုန်းမြင့်သွေး။*

# ရည်းစားလူလု အူနကျွဲခတ်

မောင်မောင်ကြီးနဲ့ မတင်သိမ့်တို့ သမီးရည်းစားဖြစ်ခဲ့တာ သုံးနှစ်သုံးမိုးကြာခဲ့ပါပြီ။

အရိုးသောင်းတို့ ဘုန်းကြီးကျောင်းဟောင်းကြီး ပြင်လို့အပြီး အလှူရေစက်ချပွဲမှာ သူတို့နှစ်ယောက် မျက်လုံးချင်းဆုံ ရင်စခုန်ခဲ့ကြတယ်။ သူတို့နှစ်ယောက်က တစ်ရွာတည်းသားတွေ မဟုတ်ကြဘူး။ မတင်သိန်းက ထနောင်ပင်ရွာမှ နေတယ်။ မောင်မောင်ကြီးက ထနောင်ပင်နဲ့ ရှစ်မိုင်လောက်ဝေးတဲ့ အုတ်သျှစ်ကုန်းရွာကဖြစ်တယ်။

မောင်မောင်ကြီးက ရည်းစားကို လက်ပံလှရွာက သာရင်ကတစ်ဆင့် ပေးခိုင်းတယ်။ မောင်မောင်ကြီးရဲ့ ရည်းစားစာ ကိုးစောင်မြောက်မှာ မတင်သိမ့်ရဲ့ ပြန်စာအဖြေကိုရခဲ့တယ်။ အဖြေရအပြီးမှာ မောင်မောင်ကြီးဟာ ထနောင်ပင်နဲ့ အုတ်သျှစ်ကုန်းကို ချောင်းပေါက်မတတ် သွားခဲ့တယ်။

ဆွဲငင်မှု အပြည့်ပါတဲ့ မတင်သိန်း မျက်နှာကို တစ်ပတ်ကို တစ်ကြိမ်လောက်မှ မမြင်ရရင် မောင်မောင်ကြီး မနေနိုင်ဘူး။ မနေနိုင်တော့ သွားရတယ်။ သူ့မှာ စက်ဘီး မရှိတော့ တစ်ရွာနဲ့ တစ်ရွာကို ခြေလျင်လျှောက်ရတာပေါ့။ ရှစ်မိုင်ကို အသွားအပြန် လျှောက်တော့ မိုင်ပေါင်း ဆယ်ခြောက်မိုင် လျှောက်ရတာပေါ့။ မောတော့ မောတယ်။ ဒါပေမယ့် မမောဘူး။ အလျင်ကတော့ တစ်ပတ်တစ်ကြိမ်လောက် မတင်သိမ့်ကို သွားတွေ့တယ်။ နောက်ပိုင်းမှာ တစ်ပတ်ကို သုံးကြိမ်လောက် သွားတယ်။ မိဘတွေက ယာအလုပ်ပျက်လို့ ဆူပူတားမြစ်ပေမယ့် မရဘူး။

မောင်မောင်ကြီးနဲ့ မတင်သိမ့်တို့ သုံးနှစ်သုံးမိုး သမီးရည်းစားဖြစ်ပြီးအချိန်ရောက်မှ မတင်သိမ့်က ဖောက်တယ်။ မောင်မောင်ကြီးကိုလည်း မဖြတ်ဘဲနဲ့ သက်ရက်စုက ဝင်းကိုနဲ့ ဘာလိုလို ဖြစ်နေတယ်။ သက်ရက်စုက ဝင်းကိုက လူပျိုမစစ်ဘူး။ အိမ်ထောင်တစ်နှစ်လောက် ကျဖူးပြီးသူဖြစ်တယ်။

မောင်မောင်ကြီးနဲ့ သုံးနှစ်သုံးမိုး သမီးရည်းစားဖြစ်ပြီးမှ မတင်သိမ့်ဟာ တရားမဝင် ထီးရောင်းတဲ့ ဝင်းကိုနဲ့ ဘာလိုလို ဖြစ်နေတာကို ရွာက မောင်မောင်ကြီးကို ပြောကြတယ်။ ထနောင်ပင်က မောင်မောင်ကြီးရဲ့ သူငယ်ချင်းများဖြစ်တဲ့ ဖိုးချိုတို့ အုပ်စုက မောင်မောင်ကြီးကို ပြောကြတယ်။ ကြားစတော့ မောင်မောင်ကြီး မယုံဘူး။ ပြောသူများလာတော့ သူ့မှာ သံသယစိတ်တွေ ဝင်လာတယ်။

တစ်နေ့မှာတော့ မတင်သိန်းကို ဖွင့်မေးလိုက်တယ်။ မတင်သိန်းက "မဟုတ်ပါဘူး" တဲ့။ မောင်မောင်ကြီး ဝါကျွတ်ရင် လက်ထပ်ဖို့ ပြောတော့ မတင်သိန်းက တစ်နှစ်လောက် စောင့်ဖို့ ပြောတယ်။ သူ့မိဘများရဲ့ သဘောလိုလို ပြောလာလို့ မောင်မောင်ကြီး ကျေနပ်ခဲ့တယ်။ မတင်သိမ့်ဟာ ဘာစိတ်ပေါက်တယ် မသိပါဘူး။ မောင်မောင်ကြီးနဲ့ မပြတ်စဲဘဲ ဝင်းကိုနဲ့ကျတော့ ဆက်သွယ်နေတယ်။ နောက်ဆုံးမှာ ချိန်းတွေ့တဲ့အထိ ဖြစ်လာတယ်။

မြို့ကိုအကြောင်းပြသွားပြီး ဝင်းကိုနဲ့ ချိန်းချိန်းတွေ့တာကို အကြိမ်များလာတော့ ရွာက ရိပ်မိလာတယ်။ မောင်မောင်ကြီးရဲ့ သူငယ်ချင်းများဖြစ်တဲ့ ဖိုးချိုတို့အုပ်စု သစ္စာမရှိတဲ့ မတင်သိမ့်ကို

ဖြတ်ဖို့တိုက်တွန်း အကြံပေးကြတယ်။ ဝင်းကိုနဲ့ဖြစ်နေတဲ့ သတင်းကိုလည်း အတိအကျ စုံစမ်းပေးကြတယ်။

မောင်မောင်ကြီးကတော့ သူကိုယ်တိုင်မြင်မှ ယုံနိုင်မယ်ပြောပြီး မတင်သိန်းကို စွဲလမ်းလျက်ပဲ။ မတင်သိန်းဟာ မောင်မောင်ကြီးနဲ့ တွေ့ပြန်ရင်လည်း သူ့ဘက်က အကြင်နာတွေ ပြတယ်။ ရီဝေတဲ့ မျက်လုံးတွေနဲ့ ကြည့်တယ်။ မောင်မောင်ကြီး အခြေအနေက ဖင်ကြားကို ခဲခုထိုင်နေရသလို ဖြစ်နေတယ်။ မတင်သိန်းကိုသူ မမုန်းနိုင်ဘူး။ မမေ့နိုင်ဘူး။ မပြစ်နိုင်ဘူး။ "လူသတင်း လူချင်းဆောင်" ဆိုသလို မတင်သိန်းနဲ့ ဝင်းကိုတို့ သတင်းတွေကလည်း ပျံ့သည်ထက် ပျံ့လာပြီး မောင်မောင်ကြီး မကြားချင်ဘဲကြားနေရတယ်။

မောင်မောင်ကြီးက သရက်စု ဝင်းကိုကို သွားတွေ့တယ်။ မတင်သိမ့်ဟာ သူ့ရည်းစားဖြစ်ပြီး နောက်နှစ်မှာ လက်ထပ်တော့မယ့်အကြောင်း ဖွင့်ပြောခဲ့တယ်။ ဝင်းကိုက ဆန့်ကျင်ဘက်တော့ မပြောဘူး။ ရိသဲ့သဲ့တော့ ပြန်ပြောခဲ့တယ်။ သည်လို ဖြေရှင်းပေမယ့် ပြဿနာက မပြေလည်ပါဘူး။ ပြောပြီး မကြာခင်မှာဘဲ မကွေးမြို့ပေါ်မှာ ဝင်းကိုနဲ့ မတင်သိန်းကိုတွေ့ခဲ့ကြောင်း သူ့ရဲ့ ညီဝမ်းကွဲက ပြောတယ်။

တစ်ချိန်တုန်းကလည်း တောင်တွင်းကြီးဘက်မှ နှစ်ယောက် တွေ့ခဲ့ကြောင်း ကုန်စုံရောင်းတဲ့ မအေးမိက ပြောခဲ့ဖူးတယ်။ မောင်မောင်ကြီးဟာ မျက်မြင် စောင့်ဖမ်းဖို့ စီစဉ်တော့တယ်။ သူငယ်ချင်း ဖိုးချိုတို့ အကူအညီနဲ့ သတင်းအတိအကျရဖို့ ကြိုးစားတယ်။ သူငယ်ချင်းတွေက ဓားအမြဲဆောင်နေပြီးဖြစ်တဲ့ မောင်မောင်ကြီးကို တားမြစ်ကြတယ်။ သစ္စာမဲ့သူကို စွဲလမ်းမနေဖို့ ပြောကြတယ်။

တစ်နေ့တော့ မောင်မောင်ကြီးအကြံအစည် အောင်မြင်ခဲ့တယ်။ သေချာတဲ့ သတင်းရလို့ ဝင်းကိုနဲ့ မတင်သိန်းသွားတဲ့ မြို့ကို မောင်မောင်ကြီး ခြေရာခံလိုက်ခဲ့တယ်။ ဝင်းကိုနဲ့ မတင်သိမ့်ကို လက်ပူးလက်ကြပ် မောင်မောင်ကြီးတွေ့တယ်။

မောင်မောင်ကြီးဟာ မွန်ထူနေတဲ့ အချစ်စိတ်နဲ့ ပြဿနာကို ဓားနဲ့ ဖြေရှင်းတယ်။ သူက ဝင်းကိုကို ဓားနဲ့ထိုးတယ်။ ဝင်းကိုက ရှောင်ပြီး ဓားကို ရအောင်လုတယ်။ ဝင်းကိုမှာ ထိရှတဲ့ ဒဏ်ရာတွေ ရတယ်။ ဓားဒဏ်ရာနဲ့ သေသွားတာ ဝင်းကို မဟုတ်ဘူး။ အချစ်စိတ်တွေ မွန်ထူနေတဲ့ မောင်မောင်ကြီး ဖြစ်တယ်။ ရွာမှာပြောစရာ ဖြစ်ခဲ့တာကတော့ မောင်မောင်ကြီး အကြောင်းအပြင် တစ်ခု ဆန်းတာရှိတယ်။

မဘက်လိုက်လို့ မိုက်ဘက်ပါရုံသာမက အသက်ပါ ပါခဲ့ရတဲ့ မောင်မောင်ကြီးရဲ့ အဖြစ်အပျက်အပြင်ပြောနေကြကတော့... ဝင်းကိုဟာ လူသတ်မှုနဲ့ ထောင်ဒဏ်သုံးနှစ်ကျအပြီးမှာ မတင်သိမ့်နဲ့ လက်ထပ်ထိမ်းမြားခဲ့တာပါပဲ။ ဝင်းကိုမိဘများက သူတို့ မင်္ဂလာပွဲကို အကြီးအကျယ် စီမံပေးခဲ့တယ်။ သူတို့ မင်္ဂလာပွဲနေ့ဟာ မောင်မောင်ကြီးမွေးနေ့နဲ့ တိုက်ဆိုင်နေတယ်လို့ ထနောင်ပင်ရွာကြီးမှာ ပြောနေကြတော့တယ်လေ။

*****

# မချစ်ရင် မနေနိုင်တာကလွဲလို့

တင့်လွင်ဟာ အသက်ဆယ့်ရှစ်နှစ်အရွယ်မှစပြီး ရည်းစားတစ်ယောက် ထားပါတယ်။ တင်လွင်ဟာ ရုပ်ချောတယ်။ စကားပြော ချိုသာတယ်။ မိဘများကလည်း ချမ်းသာတော့ သူ့ကို စိတ်ဝင်စားတဲ့ မိန်းကလေးတွေ များတယ်။ များတဲ့အထဲက သူနဲ့ နီးစပ်တဲ့ ခြံဝိုင်းနှစ်ခုအကွာက အိမ်နီးချင်း မိန်းကလေးနဲ့ ရည်းစား ဖြစ်တယ်။

ရည်းစားစာတွေ ရေးကြတယ်။ လျှောက်ပြန်သံပေး လုပ်ကြတယ်။ တစ်လမှာ တစ်ကြိမ်လောက် ဘုရားမှာ ချိန်းတွေ့ကြတယ်။ မိန်းကလေးက တည်ငြိမ်ပါတယ်။ လှလည်း လှတယ်။ အသက်က တင့်လွင်ထက် ခြောက်လလောက်ပဲ ငယ်တယ်။

တင့်လွင်က ဆယ့်ရှစ်နှစ်ထဲမှာ၊ မိန်းကလေးက ဆယ့်ခုနှစ် နှစ်ထဲမှာ၊ မိန်းကလေး မိဘများကတော့ လယ်ယာကိုင်းကျွန်း လုပ်တယ်၊ ရိုးသားတယ်။ မိန်းကလေးက ဆယ်တန်း ကျောင်းသူကလေးဖြစ်ပြီး ကိုတင့်လွင်က ကိုးတန်းကတည်းက ကျောင်းထွက်ခဲ့တာဖြစ်တယ်။ တင့်လွင့်က မိဘတွေကို ကူပြီး ကုန်သည် လုပ်နေတယ်။

ဒါပေမယ့် ပီပီပြင်ပြင်ကြီးတော့ မဟုတ်ဘူး။ တင့်လွင်ဟာ အဲသည် အိမ်နီးချင်း မမြလှိုင်နဲ့ သမီး ရည်းစား ထားရာကနေ နှစ်နှစ်လောက်မှဖောက်လာတယ်။ မမြလှိုင်ကို မပြတ်သေးဘဲ ဈေးထဲကုန်စုံဆိုင်က သမီးလေးတစ်ယောက်နဲ့ ဘာလိုလိုဖြစ်နေတယ်။ ဟိုလိုသည်လို ဆုံရာကနေ နောက်ဆုံးတော ရည်းစားဖြစ်ကြတယ်။ တင့်လွင်ဟာ မမြလှိုင်ဆီကို စာရေးမပျက်ဘဲ ကုန်စုံဆိုင်က သမီးလေး တင့်တင့်ကိုလည်း စာရေးတယ်။ မကြာခဏ ဟိုမှာတွေ့၊ သည်မှာတွေ့ လုပ်တယ်။

တင့်တင့်နဲ့ ဘာလိုလို သတင်းကိုကြားပေမယ့် မမြလှိုင်က တပ်အပ်မမြင်သေးလို့ မယုံသေးဘူး။ တင့်လွင့်က အကြောင်း ပေါ်လာတယ်။ သူ့မြို့ကနေ ပြည်မြို့က သူ့အစ်ကိုကြီး ပွဲရုံကို သွားအုပ်ချုပ်ရတယ်။

တင့်လွင်ရဲ့ အစ်ကိုကြီး ကျန်းမာရေး မကောင်းလို့ ဆေးရုံနှစ်ကြိမ်းတက်အပြီးမှာ တင့်လွင် သွားကူရတာပဲ။ ပွဲရုံကို အုပ်ချုပ်စီမံရတယ်။ ငွေ ထိန်းသိမ်းရတယ်။ တင့်လွင်ဟာ အလုပ်ကိုတော့ လုပ်ပါတယ်။ ပွဲရုံရောက်လို့ ခြောက်လ မပြည့်ခင်မှာ ပွဲရုံအနီး ထမင်းဆိုင်က မထားထားဆိုသူနဲ့ ဘာလိုလို ဖြစ်တယ်။ ထမင်းဆိုင်က မထားထားက တစ်ခုလပ်မလေးဖြစ်တယ်။

ရုပ်ရည်သန့်ပြန့်ပြီး အပြောချိုတယ်။ ဟင်းချက်လည်း ကောင်းတယ်။ တင့်လွင်ဟာ မထားထားကို တစ်နေ့မှာ ရည်းစားစာပေးတယ်။ မထားထားကလည်း လက်ခံတယ်။ ပြန်စာ ရေးတယ်။

သည်အချိန်မှာ သူ့မြို့က မမြလှိုင်နဲ့ တင့်တင့်ဆီကလည်း စာတွေ သူ့ထံ ရောက်နေတာပဲ။ သူကလည်း စာပြန်ရေးနေဆဲပဲ။ တင့်လွင်လို စိတ်ဓာတ်မျိုးက ရှားပါတယ်။ သူနဲ့ ဖြစ်တဲ့ ရည်းစားအားလုံးကို သူသံယောဇဉ် ရှိတယ်။ ဒါပေမယ့် သစ္စာ မရှိဘူးလို့ ပြောရမယ်။

ကြာလာတော့ သူ့မှာ ရည်းစားတွေ ရှိတာ ထမင်းဆိုင်ရှင် တစ်ခုလပ်မလေး မထားထားက သိသွားတယ်။ မမြလှိုင်ကလည်း ဆယ်တန်းအောင်လို့ ပြည်ကောလိပ်တက်ပြီး တင့်လွင် ပွဲရုံကို မကြာခဏ လာတယ်။ တင့်တင့်ကလည်း ပြည်မြို့မှာ စျေးဝယ်လာရင်း သူ့ဆီ ရောက်ရောက်လာတယ်။

မထားထားက သူ့ကို တကယ်မေတ္တာရှိရင် ကျန်လူတွေကို ဖြတ်ရမယ်လို့ ပြောတယ်။ တင့်လွင်က ကတိကို ပေါ့ပေါ့ဆဆ ပေးတယ်။ အမှန်တကယ်တော့ မပြတ်ဘူး။ ဆက်သွယ်မြဲ ဆက်သွယ်နေတာပဲ။

မထားထား ဆိုင်မှာ နေ့စဉ် မထင်းစားနေတဲ့ တင့်လွင်ဟာ တစ်နေ့မှာ ထူးဆန်းမှုနဲ့ ကြုံရတယ်။ မထားထားရဲ့ ခင်ပွန်းဟောင်း ပြန်ရောက်လာခြင်းပဲ ဖြစ်တယ်။ မထားထားနဲ့ ပြန်ပေါင်းရအောင် လူကြီးတွေနဲ့ အတူ လာတောင်းနေတယ်။ မထားထားဟာ ခင်ပွန်းဟောင်းကို သနားစိတ် ပြန်ဝင်ပြီး သံယောဇဉ် မပြတ်ဘူး။ တင့်လွင်အပေါ်ကျတော့ စီးပွားချမ်းသာ မက်မောမှုနဲ့ လိုချင်နေပြန်တယ်။

တင့်လွင့် ပွဲရုံနဲ့ ထမင်းဆိုင်က နီးတယ်။ ခင်ပွန်းဟောင်း အိမ်နဲ့ ထမင်းဆိုင်ကလည်း နီးတယ်။ မကြာခင်မှာဘဲ မထားထားရဲ့ ခင်ပွန်းဟောင်းက တင့်လွင်ကို ရန်ရှာတော့တယ်။ တစ်ညနေ မှောင်စအပြုမှာ တင့်လွင် ခေါင်းကို အရိုက်ခံရတယ်။ လေးချက် အရိုက်ခံရတယ်။ ဆေးရုံရောက်တော့ အချက်နှစ်ဆယ်လောက် ချုပ်ရတယ်။ အဖြစ်အဆိုးဆုံးကတော့ ဒဏ်ရာတွေ သက်သာသော်လည်း ပျက်သွားတော့တာ ဖြစ်တယ်။ တင့်လွင် အရူးတစ်ပိုင်း ဖြစ်ခဲ့တယ်။ ရန်ကုန်စိတ်ရောဂါ အထူးကုဆေးရုံကို နှစ်ရှည်လများ တင်ထားရတယ်။ သူ့ဘဝမှာ မမြလှိုင်နဲ့လည်း မရဘူး။ တင့်တင့်နဲ့လည်း မရဘူး။ မထားထားနဲ့လည်း အိမ်ထောင် မပြုဖြစ်ဘူး။

*****

## ဇမ္ဗူကိုကိုရဲ့ ဘဝအခြေအနေ

-ချမ်းသာသလားမမေးနဲ့...။ ဇမ္ဗူကိုကိုရဲ့ ဘဝအခြေအနေက အိုကေ (OK) မှ စိုပြေလွန်းပါတယ်။ သူတို့ မျိုးရိုးက ယခုမှ ချမ်းသာတာ မဟုတ်။ မိဘဘိုးဘွားအစဉ်အဆက်ကိုက ကျိကျိတက် ချမ်းသာကြပါတယ်။ သိန်း ရာထောင် မဟုတ်ဘဲ သန်းနဲ့ချီ၍ ချမ်းသာပါတယ်။

မင်းမျိုးမင်းနွယ် မဟုတ်သော်လည်း သူဌေးမျိုး သူဌေးနွယ်ဖြစ်ပြီး ဘုရားဒကာ၊ ကျောင်းဒကာမျိုးရိုး ဖြစ်တယ်။ သူတို့ မျိုးရိုးတွေက မြန်မာပြည်မှာ နေသူနည်းပြီး စီးပွားရေးဖွံ့ဖြိုးတဲ့ နိုင်ငံကြီးတွေကို ရောက်နေကြတယ်

-ရုပ်ရည် ချောသလား မမေးနှင့်...။ ရုပ်ရှင်မင်းသားထဲက အချောဆုံးဟာ ဇမ္ဗူကိုကိုနဲ့ ယှဉ်ရင် တစ်မျိုးတစ်မည် အဝေဖန် ခံရမယ်ထင်တယ်။ သူချောတာက လူပြောစရာတောင် ဖြစ်တယ်။ ရုပ်ကလည်းကြည်၊ နှာတံကလည်း ပေါ်၊ အသားကလည်း ဆင်စွယ်ရောင်ဖြူ၊ အားကစားလိုက်စားလို့ ခန္ဓာကိုယ်လည်း တောင့်တင်း အချိုးကျပါတယ်။

ဇမ္ဗူကိုကိုကို မြင်တွေ့ဖူးတဲ့ မိန်းမပျိုတွေထဲမှာ တစ်ရာမှာ ကိုးဆယ့်ကိုးယောက်က ဇမ္ဗူကိုကို ကို လိုချင်ပိုင်ဆိုင်ချင်ကြမှာပါပဲ။

-ပညာတော်သလားမမေးနှင့်...။ ငယ်ကလည်းက တစ်နှစ်တစ်တန်း မှန်မှန် အောင်မြင်ခဲ့ပြီး အောင်တိုင်းလည်း ပထမ၊ ဒုတိယသာ ဖြစ်တယ်။ တတိယ၊ စတုတ္ထတို့တောင် မဆင်းဘူး။ ဆယ်တန်းရောက်တော့ ငါးဘာသာ ဂုဏ်ထူးနဲ့ အောင်တယ်။ ဆေးတက္ကသိုလ် တက်ခွင့်ရတယ်။ အပြင်ဗဟုသုတ စာအုပ်တွေကလည်း ပြည်တွင်းက စာအုပ်သာမက ပြည်ပက စာအုပ်ပါ ဝယ်ဖတ်နိုင်လို့ သူများထက် ခေါင်းတစ်လုံး ပိုမြင့်တယ်။

ဥစ္စာပစ္စည်း ပြည့်စုံ၊ ရုပ်ချော၊ ပညာတတ်တဲ့ ဇမ္ဗူကိုကိုရဲ့ ဘဝဟာ ဆေးတက္ကသိုလ်က ဘွဲ့ရပြီး အချိန်အထိ ပန်းခင်းသော လမ်းမှာ လျှောက်ခဲ့ပါတယ်။ ဆရာဝန်ဖြစ်တော့ သူ့မိဘများက သူ့ကို ဆေးခန်းဖွင့်ပေးတယ်။ ဆရာဝန် လူချောလေးဆီကို ဆေးကုတဲ့ လူနာတွေကလည်း များပါတယ်။ လုပ်ငန်း အောင်မြင်တယ်လို့ ပြောရမယ်။

ဒါပေမယ့် ဆေးခန်းကို ခဏပဲ ဖွင့်တယ်။ လူအများကြီးနဲ့ပ ဆက်ဆံရတာကို ပင်ပန်းတယ်ဆိုပြီး အဲသည်အလုပ်ကို ရပ်တယ်။ ရတဲ့ငွေကလည်း သူ့အတွက် မက်မောစရာ မရှိဘူးလေ။

ဇမ္ဗူကိုကိုရဲ့ ဘဝမှာ ထည့်ပြီး ပြောရမှာကတော့ သူရဲ့ သူငယ်ချင်း ဘယ်လ်ဘတ်ကျော် ဆိုသူပါပဲ။ အယ်လ်ဘတ်ကျော် ဆိုတဲ့ သူငယ်ချင်းက အထက်တန်းမှာတုန်းက ကျောင်းနေဖက် သူငယ်ချင်း။ သူက မြန်မာ ဆိုပေမယ့် ကိုးကွယ်တဲ့ ဘာသာ ခြားတယ်။

ဇမ္ဗူကိုကိုဟာ ဆရာဝန် ဖြစ်ပြီးတဲ့အချိန်အထိ သူ့မှာ ရည်းစားမရှိသေးဘူး။ မိန်းမတွေကို စိတ်ဝင်စားမှု အင်အား မများသေးဘူး။ ရိုးရိုးအေးအေးပဲ။ အယ်လ်ဘတ်ကျော်ဟာ ဇမ္ဗူကိုကိုရဲ့

အိမ်ကို မကြာခဏ လာတတ်တယ်။ တစ်ခါတစ်လေ ညအိပ်တယ်။ အခင်ဆုံး သူငယ်ချင်း ဖြစ်တယ်။

အယ်လ်ဘတ်ကျော်ဟာ ဇမ္ဗူကိုကိုထံကို တစ်နေ့မှာ အင်္ဂလိပ် ရမ္မက်စာအုပ် ယူလာတယ်။ စာပေကို စိတ်ဝင်စားတဲ့ ဇမ္ဗူကိုကိုဟာ အဲသည်စာအုပ်ကို စိတ်ဝင်စားသွားတယ်။ အဲသည် တစ်အုပ်အပြီးမှာ ဖတ်ရဖို့ စာအုပ်တွေ သူငယ်ချင်းကို ရှာခိုင်းတယ်။ တစ်အုပ်ပြီး တစ်အုပ် ငှားတယ်။ ဝယ်တယ်၊ ဖတ်တယ်။ အားလုံး အညီအဟောက် စာတွေချည်းပဲ။ အဲသည်အချိန်ကစပြီး ဇမ္ဗူကိုကိုဟာ မိန်းမကို စိတ်ဝင်စားလာတယ်ဆိုရရင် ရာဂစိတ်တွေ များလာတယ်။ ဖို,မ စိတ်တွေ မွှန်ထူလာခဲ့တယ်။

စာအုပ်ကနေ တစ်ဆင့်တက်လာကတော့ ဗီဒီယို တိတ်ခွေတွေပါပဲ။ ဖို,မ အညစ်အနွမ်းပါတဲ့ ဇာတ်လမ်းတွေ ကြည့်တယ်။ ချမ်းသာကြွယ်ဝတဲ့လူမို့ ကိုယ်တစ်ယောက်တည်း အိပ်ခန်းထဲမှာကြည့်ဖို့ တီဗီတစ်လုံး သပ်သပ် ဝယ်ထားတယ်။ အလုပ်မရှိတော့ ဒါတွေနဲ့ပဲ ဘဝကို နေ့စဉ် ဖြတ်သန်းနေသလို ဖြစ်နေတယ်။

သူငယ်ချင်း အယ်လ်ဘတ်ကျော် အကူအညီနဲ့ စိတ်ကူးတွေကို လက်တွေ့ အကောင်အထည် ဖော်လာတယ်။ သူငယ်ချင်းက ဆက်သွယ်ရှာပေးတဲ့ မိန်းမပျက်ကလေးနဲ့ တိတ်ဆိတ်ကွယ်ရာတွေ သွားတယ်။ ကဲတယ်။

ချမ်းသာတော့ လုပ်ချင်ရာလည်း လုပ်လို့ရတယ်။ အရွယ်ကလည်း အရွယ်ကောင်းမို့ စိတ်သွားတိုင်းလည်း ကိုယ်ပါနေတယ်။ သည့်နောက်တော့ စီးပွားရေးကိစ္စအတွက် မဟုတ်ဘဲ ဖို,မ ကိစ္စအတွက် (ယိုးဒယား)၊ ထိုင်ဝမ်၊ ဟောင်ကောင် စတဲ့ နိုင်ငံခြားတွေပါ သွားတော့တယ်။

မိဘ၊ ညီအစ်ကိုမောင်နမတွေက ရိပ်မိလို့ ဆုံးမလည်း ပြန်မပြော နားမထောင် လုပ်နေတယ်။ နေမြင့်လေ အရူးရင့်လေ ဖြစ်နေပြီး မိဘတွေ စီစဉ်ပေးတဲ့ မိန်းကလေးကိုလည်း သူ မယူဘူး။ နောက်ဆုံးတော့ လည်လွန်တဲ့ဘီး ချေးနင်းတော့တာပါပဲ။

ဇမ္ဗူကိုကိုဟာ အသက်ဆုံးဆယ်ကျော်ကာစမှာပဲ အေအိုင်ဒီအက်(စ်) ခုခံအား ကျဆင်းတဲ့ရောဂါ ရခဲ့တယ်။ တစ်နှစ်ထက်တစ်နှစ် ကျသွားလိုက်တာ ဘယ်ဆေးနဲ့မှလည်း ကုလို့ မရနိုင်ဘူး။ နိုင်ငံခြား အကောင်းဆုံးဆေးတွေ ဝယ်နိုင်ပေမယ့် မထူးခြားပါဘူး။

-ပိန်သွားသလား မမေးနှင့်...။ ဇမ္ဗူကိုကို တစ်ချိန်က ပြည့်ဖြိုးခဲ့တဲ့ လက်မောင်းတွေဟာ အရိုးနဲ့ကပ်နေတယ်။ ပြည့်မောက်ခဲ့တဲ့ ရင်အုပ်ကလည်း ပျောက်ဆုံးခဲ့သွားပြီ။ သွက်လက်တဲ့ ခြေလက်တွေကလည်း ယဲ့ယဲ့သာ လှုပ်နိုင်တယ်။

-ရုပ်ပျက်သွားသလား မမေးနှင့်...။ မျက်တွင်းက ဟောက်ပက်။ သွားတွေက မခိုင်တော့ဘူး။ သရဲရုပ် ပေါက်နေတယ်။ ဖြူတဲ့ အသားက အညိုရောင် သန်းနေတယ်။ ဇမ္ဗူကိုကိုရဲ့ ဘဝအခြေအနေ သေဆုံးရတော့မယ့်နေ့ကို စောင့်နေရသလိုပါပဲ။

သူ့ကို အိမ်မှာ မထားဘူး။ မြို့စွန်က တစ်နေရာမှာ ခြံဝယ်ပြီး တိုက်အသေးလေး တစ်လုံး ဆောက်ထားပြီး အစောင့်တစ်ယောက်နှင့် ထားတယ်။ သူ့ရဲ့ သူငယ်ချင်း အယ်လ်ဘတ်ကျော်က သူတိုက်ကလေးဆီကို မလာရဲဘူးတဲ့လေ။

*****

# အဓိပ္ပာယ်ရှိတဲ့ ရေတစ်ငုံ

ဇော်ဦး အဖြစ်က ထူးတယ်။ ခရီးသွားရင်းမှ မမျှော်လင့်ဘဲ ဒုက္ခရောက်ခဲ့တယ်။ ယုံချင်စရာ ပုံပြင်ပမာလည်း ဖြစ်တယ်။ ဒါပေမယ့် ပုံပြင်မဟုတ်၊ တကယ့်ဖြစ်ရပ်မှန် ဖြစ်တော့တယ်။ ဇော်ဦးဟာ အမွေကိစ္စအတွက် ရန်ကုန်ကနေ နယ်ကို ပြန်ခဲ့တယ်။

နယ်ရောက်တော့ သူ့မိဘများ နေခဲ့တဲ့ အိမ်ကို ရောင်းရလို့ အစ်မကြီးဖြစ်သူက အမွေကို အချိုးကခွဲပေးတယ်။ နယ်မှာ သုံးရက်လောက်နေပြီး ရန်ကုန် ပြန်တယ်။ ရန်ကုန်မှ သူ့ဇနီးရှိတယ်။ သူဦးစီးလုပ်တဲ့ ကားပြင်လုပ်ငန်းလည်း ရှိတယ်။ ဇော်ဦးဟာ အရက်သောက်တတ်သူလည်း မဟုတ်ဘူး။ မကောင်းတဲ့ လောင်းကစားနဲ့ မိန်းမလည်း ကင်းပါတယ်။

သူဟာ အိမ်ထောင်သက် ခြောက်နှစ်မှာ သားသမီး နှစ်ယောက် ထွန်းကားခဲ့တယ်။ သူ့မိန်းမက ဝန်ထမ်းစာရေးမလေးဖြစ်တယ်။ ဇော်ဦးက နယ်မှ အပြန် မတွေ့တာ ကြာပြီးဖြစ်တဲ့ သူ့အစ်မဝမ်းကွဲရှိရာအရပ်ကို တစ်ရက်ဝင်တယ်။ အဲသည်မြို့မှာ တစ်ရက်ဝင်နားပြီးမှ ရန်ကုန်ကို ပြန်တာဖြစ်တယ်။ ဇော်ဦးအသက် သုံးဆယ့်ငါးနှစ် ပြည့်ခဲ့ပြီ။ ဒါပေမယ့် အရွယ်တင်လို့ နှစ်ဆယ်ကျော်ပဲ ထင်တတ်ကြတယ်။

သူ့အစ်မမြို့ကအပြန် ကားဂိတ် လက်မှတ်ဝယ်ရာမှာ မိန်းကလေးတစ်ယောက်နဲ့ သိကျွမ်းတယ်။ မိန်းကလေးက ရုပ်ရည်သန့်တယ်။ လက်ဝတ်လက်စားတွေလည်း ဝတ်ထားတယ်။ အဲသည် မိန်းကလေးက ဇော်ဦးကို သိကျွမ်းအောင် မိတ်ဖွဲ့ပြီးကားလက်မှတ်ဝယ်ခိုင်းတယ်။ တစ်ယောက်တည်း ခရီးသွားရမှာမို့ အဖော်ရအောင် ဆိုပြီး ထိုင်ခုံလက်မှတ် ကပ်ဝယ်ခိုင်းတယ်။

အဲသည်မိန်းမနဲ့ ဇော်ဦး ကားအတူ စီးခဲ့တယ်။ သည်မိန်းမဟာ ဇော်ဦးထက် အသက် သုံးနှစ်ကြီးတယ်။ စကားပြောကတည်းက သူ့ထက် အသက်ကြီးကြောင်းကို ဇော်ဦး သိခဲ့တယ်။ လမ်းမှာ သည်မိန်းမဟာ ဇော်ဦးကို အမျိုးမျိုး ဖြားယောင်းသွေးဆောင်တယ်။ အမူအရာနဲ့ရော၊ စကားနဲ့ရော၊ အထိအတွေ့နဲ့ရော ပြုမူနေတာကို ဇော်ဦး ရိပ်မိပါတယ်။

တစ်မြို့မြို့မှာ ဆင်းပြီး တစ်ညအိပ်ရအောင်လို့ သဘောပါတဲ့ စကားမျိုး ပြောတယ်။ ဇော်ဦးက လူရိုးလူကောင်းမို့ သူ့ရဲ့ အမြူအဆွယ်တွေကို သတိထားနိုင်ခဲ့တယ်။ ဆိတ်ကွယ်ရာ မဟုတ်ဘဲ ကားပေါ်မှာ ဖြစ်တဲ့အတွက်လည်း သတိမလွတ်ပါဘူး။ ရန်ကုန်ရောက်ဖို့ ကားတစ်ညလုံး စီးရတယ်။ ထမင်းစား၊ လက်ဖက်ရည်သောက် ကားရပ်လည်း ခဏပဲ ကြာတယ်။

ညနှစ်နာရီကျော်မှ ဇော်ဦး အိပ်ချင်လာတယ်။ အိပ်ငိုက်ရာကနေ အိပ်ပျော်သွားတော့တယ်။ ရန်ကုန်ဂိတ်ကို ကားဆိုက်တာတောင်မှ ဇော်ဦး အိပ်ရာက မနိုးခဲ့ဘူး။ ယာဉ်နောက်လိုက်က လာနှိုးမှ အိပ်ရာက နိုးတယ်။

ကားပေါ်မှာ သူတစ်ယောက်တည်း ကျန်တယ်။ သူ့ဘေးက အမျိုးသမီးလည်း မရှိတော့ဘူး။ ဇော်ဦးစိတ်မှာ တစ်မျိုးဖြစ်သွားတယ်။ ယခုမှ သတိဝင်လာသလို ရှိတယ်။ သူ့ခြေရင်းနားမှ ချထားတဲ့ ခရီးသွား အိတ်ကို ဖွင့်ကြည့်မိတယ်။ ညဥ့်သန်ခေါင်ယံအချိန်က

သူ့ဘေးက အမျိုးသမီးတိုက်တဲ့ ရေသန့်ဘူးကို သောက်ခဲ့မိတာ သူ သတိရခဲ့တယ်။ အဲဒီရေသောက်ပြီး မကြာခင်မှာဘဲ သူ အိပ်ပျော်သွားခဲ့တယ်။

*****

## လင်စိတ္တဇ

ငမိုးဟာ အသက် နှစ်ဆယ့်ကိုးနှစ်ရှိပြီ။ မိဘများက ချမ်းသာလို့ မှီကပ်နေပြီး ဘာအလုပ်မှ မလုပ်ဘူး။ သူကျောင်း ထွက်ခဲ့တာဖြစ်တယ်။ သူကျောင်းထွက်တော့ ရှစ်တန်း နှစ်ခါကျပြီး ကျောင်းထွက်ခဲ့တာဖြစ်တယ်။မိဘက အလိုလိုက်လို့ အလုပ်လည်း မခိုင်းဘူး မိဘ အလုပ်ကိုလည်း ကူညီသလိုနဲ့ နေလာခဲ့တယ်။ ငမိုးစိတ် အားထက်သန်တာကတော့ တဏှာပေမပဲ။ သူက အရက်တော့ မသောက်ဘူး။

ဖိုမ ကိစ္စကို သူ စိတ်အား ထက်သန်တယ်။ သူဟာ အပြာစာအုပ်တွေ စုံစမ်းရှာဖွေ ငှားရမ်းဖတ်တယ်။ တစ်နေ့ တစ်နေ့ သူ့အလုပ်က အပြာစာအုပ်ရှာတာနဲ့ ညစ်ညမ်း ဗီဒီယိုတွေ ရှာကြံကြည့်တာပဲ။ သူ့ သူငယ်ချင်း အောင်ခိုင့်အိမ်က နေ့လယ်ခင်းဆို အလုပ်သွားနေလို့ ဘယ်သူမှ မရှိဘူး။ သည်တော့ သူနဲ့ အောင်ခိုင်အတွက် အခွင့်အရေးတွေ ရတယ်။ ဗီဒီယိုအခွေတွေ လိုက်လံရှာကြံပြီး နေ့လယ်ဆို ကြည့်ကြတယ်။ စာအုပ်ငှားလို့ ရလည်း စာအုပ် ဖတ်ကြတယ်။ သည်တော့ သူ့မှာ တဏှာပေမ စိတ်တွေက တိုးပွားသည်ထက် တိုးပွားလာတယ်။

အောင်ခိုင်နဲ့ ငမိုးဟာ သဘောတရားဘက်ကနေ လက်တွေ့ဘက် ကူးလာတယ်။ မကောင်းတဲ့ မိန်းကလေးတွေကို ရှာတယ်။ ငွေပေးလို့ရတဲ့ မိန်းကလေးတွေကို ငွေပေးပြီး ခေါ်တယ်။ နေ့လယ်ဘက် လူရှင်းနေတဲ့ အောင်ခိုင်ရဲ့ တိုက်ခန်းမှာ ပျော်ကြတယ်။ မိန်းမပျက်ကလေးတွေကလည်း တစ်ကြိမ် နှစ်ကြိမ် လာပြီးရင် အောင်ခိုင်တို့ အိမ်က လူရှင်းတော့ မခေါ်ဘဲနဲ့ လာတဲ့အခါလည်း လာကြတယ်။

သည်လိုနဲ့ နှစ်နှစ်နီးပါး ကြာလာခဲ့တယ်။ တစ်နေ့မှာတော့ ငမိုး ရောဂါရတော့တယ်။ လိင်မှာ ရောဂါရတယ်။ ဆရာဝန်နဲ့ ကုတာ တော်တော်နဲ့ မပျောက်ဘူး။ ဘယ်ပျောက်မှာလဲ။ သူက နည်းနည်းသက်သာတာနဲ့ စိတ်အလိုလိုက်ပြီး ပျော်ပါးတဲ့အလုပ်ကို ပြန်လုပ်တယ်။ ငမိုးမျက်နှာဟာ တဖြည်းဖြည်း လူမမာ ရုပ်ပေါက်လာတယ်။

ပိန်သွားတာကလည်း ယခင်ခန္ဓာကိုယ်ထက် ထက်ဝက်လောက် ပိန်သွားလိုက်တယ်။ သည်လို ကုနေရင်းကပဲ ငမိုးမှာ အူရောင်ငန်းဖျားရောဂါ ဝင်လာတယ်။ ရောဂါနောက်တစ်ခု တိုးလာတော့ အိပ်ရာထဲ ဘုန်ဘုန်းလဲတော့တယ်။ အဖျားတက် ကိုယ်ပူပြီး ကယောင်ကတမ်းတွေ ပြောတဲ့အခါ ညစ်ညစ်ညမ်းညမ်းတွေ ပြောတယ်။ သည်လိုဖြစ်နေတာကို သူ့အမေက ပယောဂထင်ပြီး ဆရာစုံနဲ့ ကုတာပဲ။ ပယောဂကတော့ ပယောဂပါပဲ။ ဒါပေမယ့် လိင်စိတ္တဇ ဆေးရုံကို ပို့လိုက်ရတယ်။ နောက်ဆုံးမှာ ငမိုး ရူးသွပ်သွားတယ်။ စိတ်ရောဂါပို့ ကုရတယ်။

ဆေးရုံမှာ တစ်နှစ်နီးပါး ထားကုပြီး အိမ်ပြန်ခေါ်တယ်။ အိမ်ပြန်ရောက်ပြီး သုံးလမှာပဲ စိတ်ပြန်ဖောက်ပြန်တယ်။ ဆစ်ဖလစ်ပိုး ဦးနှောက်ထဲ ရောက်သွားပြီလို့ ဆရာဝန်တွေက ယူဆကြတယ်။ ငမိုးဟာ အသက်တော့ ပြင်းတယ်။ ယနေ့အထိ မသေသေးဘူး။

စိတ်ရောဂါဝေဒနာရှင် ဘဝနဲ့ အသက်ရှင်နေတယ်။ တစ်ခါ တစ်ရံမှာ လမ်းပေါ် လျှောက်သွားပြီး လမ်းပေါ်မှာပဲ အိပ်တယ်။ ယခုဆို သူ့အသက်က သုံးဆယ်ကျော်ခဲ့ပြီ ရုပ်ကလေး သနားကမားနဲ့ အရူးကလေး ဖြစ်နေတယ်။

မဘက် လိုက်လွန်းရင် စိတ်ရောဂါဝေဒနာရှင်လည်း ဖြစ်တတ်တယ်။ သူဟာ ဘယ်အသက်အရွယ်ရောက်မှ ဝေဒနာပျောက်မလဲ မသိဘူး။ တစ်သက်လုံးလည်း ရောဂါပျောက်ချင်မှ ပျောက်တော့မယ်။

*****

## အချစ်ကံခေသူ

သောင်းမြင့်ထွန်းဟာ ကျောင်းဆရာပါ။ ဘီအေဘွဲ့ရအောင်လည်း မိဘများက ကြိုးကြိုးစားစား ဆင်းဆင်းရဲရဲ မဖြစ်မနေ ကြိုးစားထားခဲ့ရတာပါ။ သောင်းမြင့်ထွန်း မူလတန်းဆရာဖြစ်တော့ မိဘတွေ စိတ်နှလုံးမှာ ငြိမ်းအေးချမ်းသာခဲ့ကြပါတယ်။ ဆရာဖြစ်လို့ တစ်နှစ်မကြာခင် မိဘတွေ စိတ်ပူလာရတာကတော့ ကျောင်းအနီးက အကြော်သည်ရဲ့သမီး အရပ်ပျက်မလေး မိသိန်းကြည်နဲ့ ငြိစွန်းနေတယ်ဆိုတာ သိရလို့ပါပဲ။

သောင်းမြင့်ထွန်းဟာ ရိုးသားတယ်။ ကြိုးစားတယ်။ အေးတယ်။ သောင်းမြင့်ထွန်း မိန်းမနဲ့ ပတ်သတ်လို့ တစ်ကြိမ်တစ်ခါမှလည်း အတွေ့အကြုံ မရှိဖူးပါ။ သောင်းမြင့်ထွန်းကို အကြော်သည်သမီးလေ;က ကလူတယ်။ မြူတယ်။ ခြူတယ်။

သောင်းမြင့်ထွန်းဟာ အကြော်သည်သမီး မိသိန်းကြည်ကို အာရုံကျနေတယ်။ မိဘတွေကလည်း ပြောကြတယ်။ ပတ်ဝန်းကျင်ကလည်း ပြောကြတယ်။ သူ့စိတ်မှာ မိသိန်းကြည်မှာ မသိန်းကြည်သာ ဖြစ်နေတယ်။ ဘွဲ့ရကျောင်းဆရာလေးကို ပတ်ဝန်းကျင်က မိဘဆွေမျိုးတွေက နမြောကြတယ်။ မိဘများက ဆေးမိနေတယ်ထင်ပြီး ပယောဂ ဆရာများနဲ့ တိုင်ပင်ကြတယ်။

ဒါပေမယ့် သောင်းမြင့်ထွန်းဟာ မိသိန်းကြည်ကိုပဲ အစွဲအလမ်းကြီး စွဲလမ်းနေတယ်။ ဘယ်သူက ဘာပြောပြော၊ ဘယ်ဆွေမျိုးက တရားချချ သတိရ မလာဘူး။ နောက်ဆုံးတော့ မိသိန်းကြည်ကို တရားဝင် လက်ထပ်ယူလိုက်တယ်။ မိဘဆွေမျိုး၊ ပတ်ဝန်းကျင်အားလုံး ယူကျုံးမရ အပူလုံး ကြွခဲ့ရတယ်။

မိဘများက သံယောဇဉ် မကုန်လို့ သူ့မိန်းမကို အိမ်မှာ တင်ထားပေမယ့် စရိုက်ချင်း မတူ၊ အမူအကျင့်တွေက အလွဲအချော်ကြီး လွဲချော်နေတာမို့ သားကို ချစ်သော်လည်း အိမ်ပေါ်က နှင်ချလိုက်တယ်။ ဆရာလေး သောင်းမြင့်ထွန်းဟာ သူ့ဘဝ သူတည်ဆောက်ဖို့ မိန်မနဲ့အတူ အိမ်ကလေးတစ်လုံး ငှားနေခဲ့တယ်။ လေဒဏ်၊ လောကဓံကို ခံရင်း မိသိန်းကြည်နဲ့အတူ ကြည်ကြည်ဖြူဖြူ ကြင်ကြင်နာနာ ပေါင်းခဲ့ပါတယ်။

ကံကြမ္မာဆိုး ဝင်လာတာက ဆရာလေး သောင်းမြင့်ထွန်းရဲ့ တပည့် မြင့်ငွေနှင့် မိသိန်းကြည်တို့ ဇာတ်လမ်းရှုပ်တော့တာပါပဲ။

မိသိန်းကြည်က နဂိုကတည်းက စိတ်ထားမှန်သူ မဟုတ်တော့ ဆရာလေး သောင်းမြင့်ထွန်းရဲ့ တပည့်ကျော်နဲ့ နီးစပ်တဲ့အခါ ကလူပြီး၊ ညူပြီး သူလိုရာကို ဆွဲဆောင်သွားတယ်။ ပတ်ဝန်းကျင်ကသိ၊ နီးစပ်သူတွေ သိတဲ့အခါ ဆရာလေး သောင်းမြင့်ထွန်းဟာ မိသိန်းကြည်နဲ့ သူ့တပည့်ကို တရားဝင် ယူကြမလားလို့ မေးပါတယ်။

အဲသည် အခြေအနေမှာ ဆုံးဖြတ်ချက်က တော်တော်နှင့်မျက်ပါ။ ဆရာလေးဟာ အဲသည် ဆုံဖြတ်ချက်မကျခင်မှာဘဲ သူ့ဆုံးဖြတ်ချက်ကို ချခဲ့ပါတယ်။ ဒီနေ့ ဒီအချိန်အခါမှာတော့ ဆရာလေး

သောင်းမြင့်ထွန်းဟာ ဝါရှစ်ဝါရတောထွက်ဘုန်းကြီး ဖြစ်နေပြီး အထက်မင်းလှမြို့က ကျောင်းတစ်ကျောင်းမှာ သီတင်းသုံးနေခဲ့ပါပြီ။

*****

## ညမင်းသားတစ်ယောက်

ကျော်ဦးဟာ အပျော်မြူးဖို့ဆိုရင် သူများထက် သာတယ်။ မိဘက ချမ်းသာတော့ ငွေကြေးလည်း မပူရ၊ ရှေ့ရေးလည်း မပူရဆိုတဲ့လူစားမျိုးပါပဲ။ ရန်ကုန်မြို့က နိုက်ကလပ်တွေကို သွားတယ်။ အရက်သောက်တယ်။ အရက်သောက်တယ်ဆိုပေမယ့် အရက်ထက် သူက မိန်းမကို အဓိကထားတယ်။ သူနဲ့တွဲဖက်တွေက အဆိုတော်တွေကို ပန်းကုံးစွပ်ကြ၊ အရက်သောက်ကြ စားကြပေမယ့် သူကတော့ ဘယ်မိန်းကလေးကို ဒီည ရမလဲဆိုတာ အမြဲကြိုးစားနေတယ်။

သူ့အိမ်မှာနေရာလွတ်တဲ့ အလုပ်သမားတန်းလျား ရှိတယ်။ ဒရိုင်ဘာလင်မယား နေတဲ့ အခန်းကလွဲရင် ကျန်အခန်းနှစ်ခန်းက လွတ်နေတယ်။ အလျင်က ပန်းခြံ မာလီ နေတယ်။ ထမင်းချက်သားအမိ နေတယ်။ အဲသည်အခန်းတွေ လွတ်နေတော့ သူဟာ အချိန်မတော် လုပ်ချင်ရာ လုပ်ဖို့ အခွင့်အလမ်း သာနေတယ်။

ချမ်းသာ ပြည့်စုံတာရယ်၊ အခြေအနေ ပေးတာရယ်၊ သူငယ်ချင်း အပေါင်းအသင်း များတာရယ်၊ အဲဒါတွေ ပေါင်းစုပြီး ဖြစ်ချင်သလိုဖြစ်၊ လုပ်ချင်သလို လုပ်လို့ ရခဲ့ပါတယ်။ ရိုးအတဲ့ မိဘတွေကတော့ မသိရှာခဲ့ကြပါဘူး။ တစ်နေ့မှာ ထိုင်း(ယိုးဒယား) က ပြန်လာတဲ့ သူငယ်ချင်း တစ်ယောက်က သူ့အိမ်မှာလာပြီး လေးငါးဆယ်ရက် နေပါတယ်။ အဲ... ထိုင်း (ယိုးဒယား)ပြန် သူငယ်ချင်းဟာ ရောဂါတစ်ခု ရလာတယ် ဆိုတာ သူတို့ မသိကြပါဘူး။

လူငယ်ဆိုတာ အာရုံကျရာ ပျော်နေကြတာပါ။ တရားသတိ၊ အမှားသိရင် ကိုယ်တွေ့ရာ ကြုံရာကိုသာ ပျော်တတ်တာပါ။ ပျော်ပြီးရင်းပျော်၊ တစ်ပျော်ပြီး တစ်ပျော် အပျော်တွေ ဆက်တတ်ကြပါတယ်။ နောက်ဆုံးတော့ အပျော်ကျူးတဲ့ ကျော်ဦးမှာ ရလာတဲ့ ရောဂါ အေအိုင်ဒီအက်စ် ကိုယ်ခံအား ကျဆင်း ရောဂါ ဖြစ်နေတယ်။

အပေါင်းအသင်းက ပေးတဲ့ ရောဂါ၊ မိဘများက ရုတ်တရက် နားမလည်နိုင်တော့ ရိုးရိုးပဲ ကုတယ်။ နောက်ဆုံးသိတဲ့အခါ အားလုံး ယူကြုံးမရ အပူလုံး ကြွရပါတော့တယ်။ အပျော်ဆိုတာ အေအိုင်ဒီအက်စ်လည်း ရတတ်ပါတယ်။

*****

## အဖော်တစ်ယောက်

မန္တလေးက သန်းအေးဟာ ကျောက်ကုန်သည်တစ်ဦးပါ။ သူဟာ ကျောက်ပညာမှာ ကျွမ်းကျင်တယ်။ ကျောက်စိမ်းပညာမှာတော့ ရှာမှရှား ကျောက်သမားပါ။ ကျောက်လုပ်ငန်း လုပ်တော့ သူဟာ အမြို့မြို့အရွာရွာသွားရတယ်။ ဟိုမြို့သည်ရွာ တည်းခိုခန်း များစွာမှာ နေရင်း မိန်းကလေးပေါင်းများစွာနဲ့ တွေ့ကြုံသိကျွမ်းခဲ့တယ်။ ကျောက်ဆိုတာ အောင်ခဲ့ရင် မြိုးမြိုးမြက်မြက် တစ်ထုပ်တစ်ပိုး ရတတ်ပါတယ်။ သန်းအေးဟာ မန္တလေးမှာ နာမည်ကြီး ကျောက်ကုန်သည် ဖြစ်ခဲ့တယ်။

သူ့နားမှာ အမြဲရှိတာက ပူစူးမ။ ပူစူးမဟာ အသက်နှစ်ဆယ်တောင် မပြည့်သေးပါ။ သန်းအေးက အသက်လေးဆယ်ကျော်ပြီ။ သန်းအေး ကျောက်အရောင်းအဝယ်လုပ်ရာမှာ ပူစူးမက အမြဲပါတယ်။ တချို့က သန်းအေးနဲ့ ပူစူးမကို လင်မယားလို့ ထင်ကြတယ်။ အမှန်တကယ်တော့ လင်မယား မဟုတ်ပါ။

သန်းအေးဟာ မိုးကုတ် ကျောက်ပွဲစားတစ်ယောက်ရဲ့ တန်ဖိုးကြီးမားလှတဲ့ ကျောက်ကို မန္တလေးမှာ ဈေးမတည့်လို့ ရန်ကုန်ဆင်း ရောင်းတာ ရန်ကုန်မှာလည်း တော်တော်နဲ့ ဈေးမတည့်ပါဘူး။ မန္တလေးက သန်းအေးဟာ ရန်ကုန်မှာ သုံးလနီးပါး ကြာအောင် ကျောက်အရောင်းအဝယ် လုပ်တယ်။

အဲဒီအချိန်မှာ ပူစူးမကလည်း သူနဲ့အတူ ရှိနေပါတယ်။ သန်းအေးဟာ ပူစူးမကို စွဲလမ်း နှစ်သက်နေပါတယ်၊ ငယ်လည်းငယ် စကားလည်း ကြွယ်သူမို့ ပူစူးမကို အပြစ်မမြင်ပါ။ သန်းအေး ကျောက်အရောင်းအဝယ်ဖြစ်ပြီး ငွေတွေရလာတဲ့နေ့၊ ခေါင်းအုံးအောက်မှာ ထားတဲ့နေ့။ ပူစူးမ ပျောက်သွားတယ်။ တည်းခိုခန်းက မှတ်ပုံတင်ကို ပူစူးမ ဘယ်လိုယူသွားမှန်း မသိကြဘူး။ မဘက်လိုက်တဲ့ ပွဲစားကြီးသန်းအေး အမှားထိပါပေ့ါ။

*****

## အပူဆုံမီးကို တိုးဝှေ့သူ

အောင်အောင်အဖြစ်ဟာ ဆိုးပါတယ်။ အောင်အောင် အချစ်ဟာ ဆိုးလှပါသည်။ အသည်ထဲစွဲတာ လွန်ပါတယ်။ တစ်ဖက်သတ် အချစ်ဟာ ခက်လှတယ်။ အောင်အောင်ဟာ အသက် နှစ်ဆယ့်ခြောက်နှစ်သာရှိတဲ့ ဝန်ထမ်းလေး တစ်ယောက် ဖြစ်ပါတယ်။ ကျောင်းသားဘဝမှာလည်း ရည်းစားမထားဖူးခဲ့။ နီးစပ်ရာ ဘယ်မိန်းကလေးနှင့်မှလည်း မရှုပ်ဖူးခဲ့။ အစိုးရဝန်ထမ်းလုပ်တော့ အောင်အောင် အသက် နှစ်ဆယ်ငါးနှစ် မပြည့်သေး။

တက္ကသိုလ်မှ ရိုးရိုး ပထဝီနှင့် ဘီအေဘွဲ့ ရခဲ့တယ်။ အောင်အောင်၏ မိဘများမှာလည်း ဝန်ထမ်းတွေ ဖြစ်တယ်။ အောင်အောင်ဝန်ထမ်းဖြစ်တော့ အဖေဖြစ်သူက ပဲခူးမှာ အမေဖြစ်သူက မော်လမြိုင်မှာဖြစ်တယ်။ အောင်အောင်က ဆွေမျိုးတော်တဲ့အိမ်မှာနေပြီး အလုပ်သွားတာ ဖြစ်တယ်။ အောင်အောင် ဘဝဟာ ဝန်ထမ်းဖြစ်တဲ့အထိ ဘာအဆိုးမှ မရှိပါဘူး။

အောင်အောင်ဘဝဟာ တစ်နှစ်တစ်တန်းလည်း အောင်ခဲ့တယ်။ ရိုးရိုးအေးအေး ကြိုးကြိုးစားစားလည်း နေခဲ့ပါတယ်။ သူ ဘဝကို သတိမလစ်ပါဘူး။ တစ်ခုရှိတာကတော့ မိဘအုပ်ထိန်းသူနဲ့ လွတ်နေတယ်။ မိဘတွေ နယ်မှာ၊ သူက ရန်ကုန်မှာရှိတဲ့ ဆွေမျိုးတစ်ဦးအိမ်မှာ နေခဲ့တာ ဖြစ်တယ်။ ဆွေမျိုးတွေကလည်း တော်ပါတယ်။ ဘာသာရေး ကိုင်းရှိုင်းပြီး ကိုယ့်စီးပွားကိုယ်လုပ်၊ ကိုယ့်ဘဝ ကိုယ်ဖြေရှင်းသူတွေပါ။ အစစရာရာမှာ အောင်အောင်ကို အကူညီပေးပါတယ်။ ဒါကြောင့်လည်း အောင်အောင်မှာ စားဖို့ မပူရ၊ ဝတ်ရေးမှာ မပူရ၊ အိပ်ရမှာ မပူရပါဘူး။

အောင်အောင်ပေးတဲ့ ထမင်းဖိုးကလည်း အိမ်ရှင်တွေအတွက် ဘာမှ မဖြစ်လောက်ပါဘူး။ အောင်အောင်ရဲ့ ဘဝထဲကို ဝင်လာတာကတော့ မသဇင်ညိုပဲဖြစ်တယ်။ မသဇင်ညိုဟာ အောင်အောင်လိုပဲ ဝန်ထမ်း၊ တစ်ဌာနထဲက ဝန်ထမ်းဖြစ်တယ်။ အောင်အောင်တို့ ရုံးက စားပွဲခုံမှာ အောင်အောင်နဲ့ မသဇင်ညိုဟာ မျက်နှာချင်းဆိုင် ထိုင်တယ်။ မသဇင်ညိုဟာ အောင်အောင်ထက် သုံးနှစ်စောပြီး အလုပ်ဝင်ခဲ့တာဖြစ်တယ်။ မသဇင်ညိုနှင့် အောင်အောင်ဟာ နီးစပ်ရာကနေ သင်္ဂြိုလ်လွန်ပြီး တကျော့ကျွံ ဖြစ်ခဲ့ကြတယ်။

"အောင်အောင်ရယ်၊ သတိထားပါ၊ ဟိုမှာက မလွတ်မလပ်ကြီးနဲ့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

"မသဇင်ညိုရယ် အောင်အောင်နဲ့ ပတ်သက်လို့ အနေအထိုင် ဆင်ခြင်ပါ" ဟု ပြောကြဆိုကြ နားချကြသော်လည်း ကာယကံရှင်နှစ်ဦးက တိတ်တဆိတ် ဖောက်ပြန်မြဲ ဖောက်ပြန်နေကြတယ်လေ။

လူချင်းဆောင်၊ ပန်းသတင်း လေညင်းဆောင် ဆိုသလို သူတို့နှစ်ယောက်ဇာတ်လမ်းဟာ ရုံးမှာရော၊ အရပ်ထဲမှာရော မသိချင်အဆုံး ဖြစ်ခဲ့တယ်။ မသဇင်ညိုဘက်က မပြင်ဆင်ဘဲနဲ့ အောင်အောင်ဘက်က ပြင်ဆင်ရန် ရနိုင်ပါတယ်။

နှစ်ဘက်စလုံးက ပြင်ဆင်ရင်လည်း ရနိုင်တဲ့ကိစ္စ ဖြစ်နေတယ်။ နေမြင့်လေ အရှူးရင့်လေ ဖြစ်တယ်။ သူတို့ နှစ်ယောက်က ပိုးတိုးသထက်တိုး၊ ဆိုးသထက် ဆိုးလာကြတယ်။

မသဇင်ညိုရဲ့ ခင်ပွန်းသည်က ဌာနဆိုင်ရာ အထက်အရာရှိကို တိုင်တယ်။ ဌာနဆိုင်ရာ အထက်အရာရှိက ဒီကိစ္စကို သိပြီး အောင်အောင့်ကို ဌာနခွဲတစ်ခုကို ရုံးပြောင်းပို့လွှတ်လိုက်တယ်။ မသဇင်ညိုကိုလည်း ပြင်းထန်စွာ သတိပေး ဆုံးမလိုက်တယ်။ နောက်နောင် ဤကိစ္စ မပေါ်ပေါက်ရန်၊ ပေါ်ပေါက်လာပါက လုပ်ငန်းခွင်မှာ အပြီးအပိုင် ထုတ်ပစ်မည်ဖြစ်ကြောင်း သတိပေး ဆုံးမခဲ့တယ်။

အောင်အောင်က တစ်ဌာန တစ်နေရာ။ မသဇင်ညိုက တစ်ဌာန တစ်နေရာ။ ဤသို့ဤနယ် ဖြစ်ပါသော်လည်း ငယ်နသော အောင်အောင်ဟာ သူ့ထက်အသက်ကြီးသော မသဇင်ညိုကို စွဲလမ်းမှု သံယောဇဉ်နဲ့ မပြတ်နိုင်ရှာဘူး။ တွေ့နိုင်ရာနေရာကို လာတယ်။ ချိန်းတွေ့လို့ ရနိုင်တဲ့နေရာကို လာတယ်။ သူ့ဘဝမှာ မသဇင်ညိုသာ အဓိက ဖြစ်နေတယ်။ သူ့ ဘဝအနေနဲ့ မိန်းမ မရှားနိုင်ပါဘူး။ ဘွဲ့ရ ပညာတတ်လည်း ဖြစ်တယ်။ နပိုျအားမာန်ရှိသော ရွယ်ကောင်းလည်း ဖြစ်တယ်။ မိဘမျိုးရိုး၊ ဘဝအခြေအနေကစ အစစအရာရာ မိန်းမတစ်ယောက်ယူဖို့ရန် အခဲအယဉ်း တစ်စုံတစ်ရာ မရှိပါဘူး။ ဒါပေမယ့် အောင်အောင်ဟာ သူ့ဘဝမှာ မသဇင်ညို မသဇင်ညို ဖြစ်နေတယ်။ အစွဲလမ်းကြီး စွဲလမ်း၊ အချစ်ကြီး ချစ်ရှာနေတယ်။ တစ်ဆင့်ထက်တစ်ဆင့် ရင့်လာတဲ့အခါ အောင်အောင်နဲ့ မသဇင်ညိုဟာ တွေ့ကြ ဆုံကြ၊ လွှတ်လပ်ရာ ရှာကြပြီး ဘဝကို နှစ်ဦးသဘောတူ နေကြတယ်။

မသဇင်ညိုရဲ့ခင်ပွန်းဟာ သူ့ဇနီးကို မပြတ်စဲပါဘူး။ ငယ်လင်ငယ်မယားဖြစ်တဲ့ အတွက်လည်း သံယောဇဉ် ကြီးရှာပါတယ်။ မသဇင်ညိုကို ဆုံးမတယ်။ သွန်သင်တယ်။ နားဝင်အောင်ပြောတယ်။ နောက်ဆုံးအချိန်မှာ အောင်အောင့်ကို တွေ့ဆုံအောင်ကြိုးပမ်းပြီး ကိုယ့်ကိုယ်ကို ချိုးနှိမ်စွာ ပြောရှာပါတယ်။ ဒါပေမယ့် မသဇင်ညိုကို တစ်နေ့သောအချိန်မှာ ခင်ပွန်းဖြစ်သူက တည်းခိုခန်းတစ်ခုမှာ လက်ပူးလက်ကြပ် ဖမ်းဆီးလိုက်ပါတယ်။ အောင်အောင် တစ်ယောက် မယားခိုးမှုနဲ့ ထောင်ကျတယ်။ အလုပ်ပြုတ်တယ်။ သူ့ဘဝဟာ ဒီကိစ္စတစ်ခုနဲ့ ဘဝတစ်ခုလုံးကိုတောင် ဒုက္ခရောက်သွားတော့တာပါပဲ။ အောင်အောင်ဟာ အပူဆုံးမီးကို တိုးဝေ့သူဖြစ်တယ်။

*****

# ထွန်းထွန်းဦးရဲ့ အဖြစ်အပျက်

ထွန်းထွန်းဦးက ဆယ်တန်းသုံးခါကျပြီး ကျောင်းထွက်ခဲ့ပါတယ်။ ဈေးကြီးတစ်ဈေးက မိဘအထည်ဆိုင်မှ ကူလုပ်တယ်။ အထည်ဆိုင်ကြီးက လုပ်ငန်းအောင်မြင်ကြီးပွားတယ်။ ထွန်းထွန်းဦး အလောင်းကစားမလုပ်။ အရက်မသောက် မိန်းမ မပွေတတ်ပါ။ သို့သော်လည်း အသက်သုံးဆယ်အရွယ်မှာတော့ ထွန်းထွန်းဦး အဖြစ်အပျက်က ဆန်းကြယ်လာပါတော့တယ်။ ယခင်က မိန်းကလေးတွေနဲ့ နီးစပ်ပေမယ့် ဘယ်သူ့ကိုမှ သူ စိတ်မဝင်စားခဲ့ပါဘူး။ စိတ်ဝင်စားမယ့် ဝင်စားတော့ ဘာသာခြား မိန်းကလေးကိုမှ စိတ်ဝင်စားပါတယ်။ မဲမဲကြုတ်ကြုတ် ပိန်သွယ်သွယ် မိန်းကလေးကို သူက မေတ္တာသက်ဝင် ချစ်ခင်ခဲ့တယ်။ တစ်ဘက်ကလည်း ဘာသာမတူလို့ သဘောမတူခဲ့ပါဘူး။

ထွန်းထွန်းဦး မိဘများကလည်း လုံးဝသဘောမတူဘူး။ နှစ်ဘက်စလုံးက တားကြ ဖျက်ကြပေမယ့် သူတို့နှစ်ယောက် ယူဖြစ်အောင်ယူကြတယ်။ ချစ်ခြင်းမေတ္တာရဲ့ စွမ်းအားကလည်း အံ့သြစရာကောင်းတယ်။ ရှိတဲ့ ပိုက်ဆံလေးတွေနဲ့ ခိုးပြေးကြပြီး တစ်ရပ်တစ်ရွာက တည်းခိုခန်းတွေမှာ သွားနေကြတယ်။

ကောင်မလေးဘက်က အစ်ကို၊ မောင်တွေက ဓား၊ တုတ်ကိုင်ပြီး လိုက်ရှာကြသေးလို့ ရန်ကုန်ကို လုံးဝ မပြန်လာရဲဘူး။ ကြာလာတဲ့အခါ ငွေလည်းကုန်လို့ သူတို့ဘာဆက်လုပ်ရမှန်း မသိဘူး။ ကောင်မလေးဆီးက ဝတ်လာတဲ့ ရတနာတွေလည်း ရောင်းလို့ ကုန်ပြီ။ သည်လိုအဖြစ်ဆိုးတော့မှပဲ ရန်ကုန်ကို မရဲတရဲ ပြန်လာကြတယ်။ ကြုံရာမရ ဖြစ်ကြတယ် ဒါပေမယ့် မိဘအိမ်တွေကို မသွားရဲဘူး။ အသိမိတ်ဆွေအိမ်မှာ ခေတ္တ တောင်းပန် တည်းခိုကြတယ်။

အသိမိတ်ဆွေအိမ်ကလည်း သူတို့နှစ်ယောက်ကို ကြာကြာတော့ လက်မခံကြဘူး။ မိန်းကလေးဘက်က ပြဿနာရှာလာမှာကို ပူပန်ကြတယ်။ အဲဒါကြောင့် အိမ်တစ်အိမ်မှာနေလို့ရရင် တစ်ရက်နှစ်ရက်ထက် မပိုဘူး။ အိမ်တွေဘာတွေ ငှားရမ်းနေဖို့လည်း ငွေ မရှိဘူး။ ဆိုးတဲ့တစ်ချက်က သူတို့နှစ်ယောက်က ဘာသာမတူလို့ စားရေးမှာလည်း အခက်ကြုံကြတယ်။ သူငယ်ချင်းတွေ၊ မိတ်ဆွေအိမ်တွေ လှည့်လည်နေရင်းကနေ နောက်ဆုံးတော့ မိန်းကလေးက သူ့သူငယ်ချင်းမ အိမ်တစ်ယောက်တည်း ရောက်သွားတယ်။

ထွန်းထွန်းဦးကလည်း တစ်နေရာ ရောက်သွားခဲ့တယ်။ ဘာလိုလိုနဲ့ ကွဲသွားတယ်။ မိန်းကလေးမိဘများကလည်း မိန်းကလေးနဲ့ အဆက်အသွယ်ရပြီး အိမ်ပြန်ခေါ်တယ်။ အိမ်ပြန်ရောက်တော့ ဆင်ထားတဲ့ ရတနာ ဘာတစ်ခုမှ ပြန်မပါလာလို့ ထွန်းထွန်းဦးကို ဒေါသဖြစ်ကြတယ်။

ထွန်းထွန်းဦး မိဘများကတော့ မိဘမျက်နှာပျက်အောင်လုပ်တဲ့ သားဆိုပြီး အိမ်မှ လက်မခံတော့ဘူး။ ပြန်နေလို့ မရဘူး။ ထွန်းထွန်းဦးဟာ မိဘတွေဆိုင်ကိုလည်း မသွားရဲဘူး။ မိန်းကလေးရဲ့ မောင်တွေ၊ အစ်ကိုတွေကလည်း ထွန်းထွန်းဦးကို ကြိမ်းထားတဲ့အတွက် မသွားရဲဘူး။

ထွန်းထွန်းဦးဟာ အဒေါ်တစ်ယောက်အိမ်မှာ ကပ်နေတယ်။ ဒါပေမယ့် အဒေါ်က ကြာကြာမကျွေးထားချင်တာ သိလာတော့ သူဟာ အလုပ်အကိုင် ရရာ လုပ်စားတယ်။ မှန်မှန်တော့ မစားနိုင်ဘူး။ နောက်ဆုံးတော့ သူဟာ မြို့အစွန်တစ်နေရာက စားသောက်ဆိုင်တစ်ခုမှ စားပွဲထိုး ဝင်လုပ်တယ်။ အဲသည်ဆိုင်မှာပဲ အိပ်တယ်။

သူ့မျက်နှာက အမြဲညှိုးနေတယ်။ စိတ်မချမ်းမသာတဲ့ အတွက် လူက ပိန်လာတယ်။ မဘက်လိုက်မိလို့ သူ့ဘဝဟာ သူဌေးသားဘဝကနေ ဆင်းရဲတဲ့ အလုပ်သမားလေး ဖြစ်နေတယ်။ မိန်းမသာ မယူမိရင် သည်လို အဖြစ်မျိုး ဖြစ်မှမဟုတ်ဘူး။ အခုတော့ သူဟာ ပင်ပန်းဆင်းရဲစွာနဲ့ ဘဝကို ရင်ဆိုင်နေရတော့တယ်။ ဘယ်ထိအောင် ပင်ပန်းဦးမယ်ဆိုတာတော့ မပြောနိုင်ပေဘူး။

*****

# ဦးထွန်းမောင် မဘက်လိုက်ခြင်း

ဦးထွန်းမောင်ဟာ ရိုးရိုးသား ကြိုးကြိုးစားစား ပုံနှိပ်တိုက်လုပ်ငန်းရှင် တစ်ယောက် ဖြစ်ပါတယ်။ အသက်သုံးဆယ်ကျော် အရွယ်ကတည်းက ပုံနှိပ်တိုက်လုပ်ငန်းနှင့် စီးပွားရှာခဲ့သူ ဖြစ်တယ်။ ကတိတည်တယ်။ လုပ်ငန်းကောင်းတယ်။ အဆက်အသွယ်ကောင်းတွေ ရလို့ စီးပွားရေးလုပ်ငန်းတစ်ရှိန်ထိုး တိုးတက်ခဲ့တယ်။ မြို့လယ်ကိုတက်ပြီး ပုံနှိပ်တိုက်လုပ်ငန်းကို အောင်အောင်မြင်မြင်ကြီး လုပ်ကိုင်ခဲ့တယ်။

ဇနီးဖြစ်သူကလည်း အိမ်တွင်းမုန့်လုပ်ငန်းလုပ်ပြီး တစ်ဘက်တစ်လမ်းက စီးပွားရှာပါတယ်။ ဦးထွန်းမောင် အသက်လေးဆယ်ရောက်တော့ သားသမီးသုံးယောက်ရပြီး အကြီးဆုံးက အသက်နစ်ဆယ် ပြည့်ပြီ။ အစစအရာရာ အဆင်ပြေခဲ့တဲ့ ဦထွန်မောင်ဘဝကို အသက်လေးဆယ်ကျော်မှာ ဖန်တီးဖျက်ဆီးမယ့် မိန်းမတစ်ယောက် ပေါ် ပေါက်လာတယ်။

အဲသည်မိန်းကလေးက စက္ကူဆိုင်ပိုင်ရှင်တစ်ဦးရဲ့ သမီး ရှယ်လီစိုးဆိုသူ ဖြစ်တယ်။ ရှယ်လီဆိုးဟာ အသက်သုံးဆယ်အရွယ်ရှိပြီး အသားဖြူတယ်။ သွက်လက် ချက်ချာတယ်။ ခေတ်ဆန်တယ်။ ရည်းစားများသူ ဖြစ်တယ်။ ဦးထွန်းမောင်ဟာ သူတို့ဆိုင်ကို စက္ကူဝယ်ရာကအစ ရှယ်လီစိုးနဲ့ တစ်စတစ်စ ရင်းနှီးကျွမ်းဝင်ခဲ့ပါတယ်။ စက္ကူရောင်းရအောင် ရှယ်လီစိုးက ဦးထွန်းမောင်ကို အမျိုးမျိုးနဲ့ စည်းရုံးခဲ့တယ်။

ဦးထွန်းမောင်ဟာ သားကြီး၊ မယားကြီး ရှိပါလျက်နဲ့ သူ့ထက် အသက်ငယ်တဲ့ ရှယ်လီစိုးကို အာရုံကျလာတယ်။ တစ်ကြိမ်မှာတော့ ရှယ်လီစိုးတို့ မိသားစုနဲ့အတူ ပုသိမ်မော်တင်စွန်းဘုရားပွဲ သွားခဲ့တယ်။ ဘုရားဖူးရင်း ပိုမိုရင်းနှီးကျွမ်းဝင်လာခဲ့တယ်။

သည်နောက်မှာ ဦးထွန်းမောင်ဟာ ပုံနှိပ်တိုက်လုပ်ငန်းအတွက် စက္ကူဝယ်ရင် ရှယ်လီစိုးတို့ ဆိုင်မှာပဲ အဝယ်များတယ်။ ရှယ်လီစိုးဟာ ဦးထွန်းမောင်ကို သိပ်အရောတဝင်ဆက်ဆံတယ်။ ဦးထွန်းမောင်ကလည်း ရှယ်လီစိုးအပေါ် သဒ္ဒါလွန်တယ်။ သဒ္ဒါလွန်တာ များလာတော့ တဏှာကျွံဘဝ ရောက်ခဲ့တယ်။

တစ်နှစ်မှာ မန္တလေးသင်္ကြန်ကို ရှယ်လီစိုးရယ်၊ သူ့သူငယ်ချင်းရယ်၊ ဦးထွန်းမောင်ရယ် အတူတူ သွားလည်ကြတယ်။ ဒီအချိန်မှာတော့ ဦးထွန်းမောင်နဲ့ ရှယ်လီစိုးတို့ဟာ လွတ်လပ်မှုကြောင့် ငြိစွန်းကြတော့တယ်။

အဲသည်လို မန္တလေးက ပြန်လာပြီး ဦးထွန်းမောင်နဲ့ ရှယ်လီစိုးဟာ မကြာခဏ ဆိုသလို တွေ့ဆုံကြတယ်။ တစ်နေရာမှာ ချိန်းတွေ့ကြတယ်။ ရှယ်လီစိုးဟာ ဦးထွန်းမောင်မှာ သားကြီး၊ မယားကြီးရှိမှန်းသိပါလျက်နဲ့ ဇွတ်အတင်း ဝင်တိုးလာတယ်။

ဦးထွန်မောင်ဟာ ရှယ်လီစိုး စိတ်နဲ့ သတိလက်လွတ်ဖြစ်နေခဲ့တယ်။ နောက်ဆုံးတော့ ဦးထွန်းမောင်ဟာ ရှယ်လီစိုးကို မယူမဖြစ်တဲ့ အခြေအနေ ဖြစ်လာခဲ့တယ်။

ရှယ်လီစိုးမှာ မပေါ့မပါး ဖြစ်လာတဲ့တွက် ဦးထွန်းမောင်ဟာ ရှယ်လီစိုးကို တာဝန်ယူရလို့ ဒီအချိန်မှာ ရှယ်လီစိုးကို အိမ်တစ်ဆောင် မီးတပြောင်ထားရေးအတွက် ငွေလိုလာတယ်။ ဦးထွန်းမောင်ဟာ ရှယ်လီစိုးနဲ့ ငြိစွန်းကတည်းက အကြိမ်ကြိမ် ငွေကုန်ကျများခဲ့တယ်။ သူ့မိသားစု အသုံးစရိတ်ပါမကက ရှယ်လီစိုးအတွက်ပါ ကုန်ကျလာတယ်။ ရှယ်လီစိုး ပူဆာတာကို ဖြည့်ဆည်းပေးနေရတဲ့အတွက် လုပ်ငန်းခွင်မှာ ငွေ မလည်ပတ်တော့ဘူး။

ဒီအထဲမှာ သူ့ပုံနှိပ်စက်က မကြာခဏ ပျက်နေတယ်။ အလုပ်တွေလည်း ကတိ မတည်တော့ဘူး။ လုပ်ငန်းအားလုံး အလွဲလွဲအချော်ချော် ဖြစ်နေတယ်။ စုပ်ဝင်ရင် လာဘ်မဝင်ဘူးဆိုတာ ပြောရမှာပါပဲ။ ဦးထွန်းမောင်ရဲ့ မယားကြီးက မယားငယ်ထားရင် သူ့ကို ကွာရှင်းပေးဖို့ တောင်းဆိုလာတယ်။ အိမ်ထောင်ရေးအဆင်မပြေဖြစ်ပြီး မကြာခဏ ရန်ဖြစ်ကြတယ်။

ယခင်က အရက်မသောက်တတ်တဲ့ ဦးထွန်းမောင်ဟာ ယခုတော့ ညနေဆို အရက်ဆိုင်ထဲ ရောက်နေပြီ။ တစ်နေ့ တစ်နေ့ မယားကြီးဆီသွားလိုက်၊ မယားငယ်ဆီသွားလိုက်နဲ့ အိမ်ထောင်မှုကိစ္စ များနေပြီး စီးပွားရေးလုပ်ငန်းကို မဖြည့်ဆည်းပေးနိုင်ဘူး။

ဒီအထဲ့မှာ ကျန်းမာရေးက ပျက်တော့ ပိုဆိုးလာတယ်။ မယားငယ် ရှယ်လီစိုးက သူငှားပေးထားတဲ့ တိုက်ခန်းမှာ မနေချင်ဘဲ ရပ်ကွက်တစ်ခုမှာ အိမ်ဝယ်ပေးဖို့ ပူဆာလာတယ်။ သူ့မှာ ဦးနှောက်အခြောက်ကြီး ခြောက်သွားခဲ့တယ်။

ဦးထွန်းမောင်ဟာ ငယ်ရွယ်တဲ့ ရှယ်လီစိုးကို အလွန်အလိုလိုက်တယ်။ ရှယ်လီစိုးပူဆာသမျှ ရှယ်လီစိုးလိုချင်သမျှ လိုက်လုပ်ပေးနေတယ်။ လုပ်ငန်းမှာ ကြွေးတွေ ပတ်လည်ဝိုင်းနေတဲ့ ဦးထွန်မောင်ဟာ စီးပွားရေး အခြေအနေ ဆိုးသထက် ဆိုးလားတယ်။

နောက်ဆုံးတော့ ဦးထွန်းမောင်ဟာ တိုက်ခန်းနဲ့ ပုံနှိပ်စက်လုပ်ငန်းကို ရောင်းလိုက်တယ်။ ရှယ်လီစိုး လိုချင်နေတဲ့ အိမ်ကိုလည်း ဝယ်ပေးလိုက်တယ်။ သူ့မှာ လုပ်ငန်းမရှိတော့တဲ့အခါ ဝင်ငွေကလည်း အမှန်မရှိတော့ဘူး။ ရှိတာတွေ တဖြည်းဖြည်း ကုန်ဆုံးသွားခဲ့တယ်။ အဆိုးထဲမှာ အဆိုးကတော့ ရှယ်လီစိုးက အမြှောင်ထားတာပဲ ဖြစ်တယ်။ ဦးထွန်းမောင်ဟာ အသက်လေးဆယ့်ငါးနှစ်မှာ အရက်သမားကြီးတစ်ယောက် ဖြစ်သွားတယ်။ မယားကြီးနဲ့လည်း ကွဲပြီး သားသမီးတွေကလည်း မကြည်ဖြူတော့ဘူး။

မယားငယ် ရှယ်လီစိုးကို သူ မနိုင်ဘူး။ သူဟာ စိတ်ညစ်ညစ်နဲ့ အရက်သောက်ရင်း ဘဝကိုနေ့စဉ်ရက်ဆက် ရင်ဆိုင်လာခဲ့တယ်။ စီးပွားရေးကလည်း ဘာအလုပ်အကိုင်မှ မည်မည်ရရ မရှိတော့ဘူး။ သူသေတော့ အသက် လေးဆယ့်ခြောက်နှစ်သာ ရှိသေးတယ်။ မဘက်လိုက် မိုက်ဘက်ပါခဲ့တော့ စီးပွားလည်း ပျက်၊ သက်တမ်းလည်း တိုတိုပဲ နေသွားရရှာတယ်။

*****

## ပတ်ဝန်းကျင်နှင့် အကျင့်စာရိတ္တ

*"သင့်တင့်လျှောက်ပတ်သော အရပ်၌ လူဖြစ်ရခြင်းသည် မြတ်၏။"*

*(ဗုဒ္ဓတရားတော်)*

ပတ်ဝန်းကျင်ကောင်းနဲ့ နေမှဖြစ်မယ်။ အချို့က ပတ်ဝန်းကျင်ဆိုး လှိုင်းဂယက်အပုတ်ခံရပြီး အကျင့်စာရိတ္တပျက်ကုန်ကြတယ်။ အချို့က မိကောင်းဖခင် သားသမီးပဲ။ ငယ်ငယ်ကတည်းက ဆိုးတာမဟုတ်ဘူး။ မိဘလက်အောက်က လွတ်ပြီး ပတ်ဝန်းကျင်ဆိုးထဲ ရောက်သွားတော့မှ အကျင့်စာရိတ္တပျက်သွားတာ။ အတုမြင်အတတ်သင်လုပ်ပြီး လမ်းမှားကို ရောက်သွားတာ ဖြစ်တယ်။

ပတ်ဝန်းကျင်ကောင်းရဖို့ဟာ သိပ်အရေးကြီးတယ်။ အချို့လူတွေဟာ စိတ်ဓာတ် ခိုင်မာကြတာ မဟုတ်ဘူး။ ပတ်ဝန်းကျင်ဆိုးရဲ့ ဆွဲဆောင်ရာနောက်ကို ယောင်းမှား လိုက်သွားတတ်ကြတယ်။

"ဘယ်သူမပြု မိမိမှု" ဖြစ်တယ်။ "ကိုယ်ကောင်းရင် ခေါင်းဘယ်တော့မှမရွေ့" ဆိုပေမယ့်၊ ထိပါများလာတဲ့အခါ ခေါင်းက ရွေ့ချင်လာတာဖြစ်တယ်။ အချို့က ရွေ့ကုန်ကြတယ်။

ပတ်ဝန်းကျင်ဆိုတာ မိမိအတွက် အကျိုးသက်ရောက်မှု နှစ်မျိုးနှစ်စား ပေးနိုင်ပါတယ်။ ပတ်ဝန်းကျင်ဆိုးထဲကို အမြန်ရုန်းထွက်နိုင်မှ ကောင်းတယ်။ လူဆိုတာ ပတ်ဝန်းကျင်မရှိရင် နေလို့မဖြစ်ဘူး။ စားဝတ်နေရေးအတွက် ပတ်ဝန်းကျင်အမျိုးမျိုးနဲ့ ဆက်ဆံရတယ်။

ပတ်ဝန်းကျင်ကပေးတဲ့ အာရုံတွေရှိတယ်။ အာရုံကောင်းတွေ ရရင်တော့ ကိုယ်ပါ အကျင့်စာရိတ္တ ကောင်းလာမယ်။ အာရုံဆိုးတွေ ဝင်ရောက်လာတာကို ကိုယ်ကလက်ခံမိရင်တော့ ကိုယ့်ရဲ့ အကျင့်စာရိတ္တတွေ ထိခိုက်လာတော့မှာပဲ။

ပတ်ဝန်းကျင်ဆိုးက ပေးတဲ့ မကောင်းတဲ့ အာရုံတွေကို ကိုယ်ကဖယ်ရှားဖို့ရန် သတိပြုရမယ်။ မကောင်းတဲ့ အာရုံတွေကို မိမိ အနီးအနားကို ရောက်မလာအောင် ဂရုစိုက်မှုကိုလည်း ပြုသင့်တယ်။ မကောင်းတဲ့ အာရုံတွေစိတ်ကို ကျက်စားလှည့်လည်ခွင့် မပေးဘဲ ကောင်းတဲ့အာရုံတွေမှာသာ စိတ်ကို ပျော်မွေ့အောင် မိမိစိတ်ကို မိမိနိုင်နင်းရမယ်။

"တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး" ဖြစ်သွားတာမျိုးတွေ ဖြစ်ပါတယ်။ ဥပမာ- ဖဲသမား ပတ်ဝန်းကျင်၊ လောင်းကစား ပတ်ဝန်းကျင်ထဲရောက်ပြီး ဘေးထိုးရာကအစ ဝိုင်းထဲ ဝင်ထိုင်ကစားတဲ့အထိ ဖြစ်သွားတတ်တယ်။ ကြာတော့ အကျင့်စာရိတ္တ ထိခိုက်ရော။

အချို့က အရက်ဝိုင်းမှာ ဝင်ထိုင်အမြည်းစားရင်းက ကိုယ်တိုင်သောက်တဲ့ အရက်သမား ဖြစ်သွားတယ်။ နီးစပ်မှုကနေ ရင်းနှီးမှုဖြစ်၊ ရင်းနှီးမှုကနေ ကိုယ်တိုင်လှုပ်ရှားသွားတာပဲ။

အချို့ မိန်းကလေးတွေဟာ ပတ်ဝန်းကျင်ဆိုးထဲ ရောက်သွားပြီး မိန်မပျက်ဘဝကို ရောက်သွားကြတာဖြစ်တယ်။ ဆွယ်ပါများတော့ လွယ်သွားကြပါရော။ စိတ်မခိုင်သူဆိုတာ ပတ်ဝန်းကျင်ဆိုးနဲ့ တွေ့ရင်ပျက်တာပါပဲ။

"ပါပသ္မိံ ရမတေ မနော" ဆိုတဲ့ ဘုရားဟော ဒေသနာတော်အတိုင်း စိတ်ဟာ မကောင်းမှုဘက်ကို တောင့်မခံနိုင်တော့ဘဲ အားကောင်းရာဘက်ကို ပါသွားတာပဲ။ လှုပ်ပါများတော့နဲ့သွားတဲ့ သဘောပါ။

ပတ်ဝန်းကျင်ဆိုးနဲ့တွေ့ရင် ကိုယ့်ရဲ့ အကျင့်စာရိတ္တ မပျက်စီးရအောင် ပေါင်းသင်းနည်း (၃)မျိုး အသုံးချရမယ်။

*၁။ ကိုယ်ပေါင်း စိတ်ခွာ*

*၂။ စိတ်ပေါင်း ကိုယ်ခွာ*

*၃။ စိတ်ပေါင်း ကိုယ်ပေါင်း (စိတ်ရောကိုယ်ပါ)*

ပတ်ဝန်းကျင်ဆိုးနဲ့ မလွဲသာလို့ ပေါင်းရရင် ကိုယ်ပေါင်းစိတ်ခွာထားပြီး ပေါင်းသင်းရမှာပဲ။ တမာပင်တွေ၊ ခွေးတောက်ပင်တွေနဲ့ သရက်သီးပင်ကို ရောနှောစိုက်ရင် ချိုတဲ့သရက်သီးလည်း ခါးနိုင်ပါတယ်။ ပတ်ဝန်းကျင်ဆိုးမှာ ကြာကြာနေရင် ကိုယ်လည်း အကျင့်စာရိတ္တ ပျက်နိုင်တယ်။

*ခွေးတောက်မြစ်ယှက်၊ စိုက်ရောဖက်၍*

*သရက်ပင်မင်း၊ သီးချိုကင်း၏။*

*(မာတောဝါဒ၊ ဆုံမစာအဖြေ)*

လူ့လောကမှာ ဆက်ဆံရတဲ့ ပတ်ဝန်းကျင်၊ ထိတွေ့ရတဲ့ ပတ်ဝန်းကျင်၊ အထိတွေ့ရတဲ့ပတ်ဝန်းကျင်၊ အတူနေရတဲ့ ပတ်ဝန်းကျင်ဟာ သိပ်အရေးကြီးပါတယ်။

ငါးရာ့ငါးဆယ်ဇာတ်တော်၊ ပဏ္ဍုလမင်းကို ပုပ္ပကကျေးသားက ဆိုတဲ့စကားမှာ-

"အရှင်မင်းကြီး၊ ငါးပုပ်ကို အနံ့သင်းသော သမန်းမြက်နှင့် ထုပ်သော် ထိုသမန်းမြက် အပုပ်နံ့ လှိုင်ပါတယ်။ တောင်ဇလပ်ပန်းကို ပေါက်ရွက်နှင့်ထုပ်သော် ထိုပေါက်ရွက်ကောင်းသော် အနံ့လှိုင်ပါတယ်" တဲ့။

ဘဝမှာ အကျင့်စာရိတ္တ မပျက်ရအောင်၊ ပတ်ဝန်းကျင်ဆိုကိုလည်း ရှောင်ရမှာဖြစ်တယ်။

*****

# ရည်းစားထား၍ ဘဝပျက်သူ

မောင်မောင်ဟာ နာရီပြင်ဆရာလေးတစ်ယောက် ဖြစ်တယ်။ သူဟာ ဈေးထောင့်က ဆိုင်ခန်းတစ်ခုရှေ့မှာ နာရီပုံးလေးနဲ့ နာရီပြင်ဆိုင်ထွက်တယ်။

မောင်မောင့်အသက်က သုံးဆယ်ပြည့်တော့မယ်။ သူ့မှာ မိဘတွေမရှိတော့ဘူး။ အစ်မကြီးတစ်ယောက်နဲ့ နေတယ်။ အစ်မကြီးကို ရှာကျွေးပြီး ရိုးသားအေးဆေးသူ တစ်ယောက်ပါ။ မောင်မောင်ဟာ နာရီပြင် တော်တယ်။ ရက်ချိန်းမှန်တယ်။ သူ့နာရီပြင်ဆိုင်က အတော်လေးကိုပဲ နာမည်ရပါတယ်။

မောင်မောင့် နာရီဆိုင်သက်တမ်းက သုံးနှစ်တောင် ကျော်ခဲ့ပြီ။ ကိုယ်ပိုင်ဆိုင်ခန်းတော့ မဖြစ်သေးဘူး။ အခန်းခပေးပြီးလုပ်တာဖြစ်တယ်။ သူနေ့စဉ် နာရီပြင်ခရတဲ့ငွေဟာ သူနဲ့ သူ့အစ်မကြီးစားသောက်မှု လုံလောက်ရုံသာမက ပိုလျှံပါတယ်။ နာရီဆိုင်ခန်းခကို သူက ဆယ်လစာ တစ်ခါတည်းပေးထားလေ့ရှိတယ်။

မောင်မောင်ဟာ အရက်မသောက်တတ်ဘူး။ လောင်းကစားဟူသမျှ ရှင်းတယ်။ အပျော်အပါးဆိုလို့ ညပိုင်းမှ ဗီဒီယိုသွားကြည့်တာမျိုးပဲ ရှိတယ်။ အစ်မကြီး စကားကိုလည်း နားထောင်တယ်။ မောင်မောင်ဟာ အသက်သုံးဆယ်နှစ်နှစ်ထဲအဝင်မှာ မနှင့် ပတ်သက်သော စိတ်လှုပ်ရှားမှုများ ဝင်လာပါတော့တယ်။

တစ်ခုသော သင်္ကြန်မှာ လှလှရီနဲ့ ဆုံတယ်။ လှလှရီဆိုသူလေးက သူ့သူငယ်ချင်းမျိုးဦးရဲ့ ညီမဝမ်းကွဲလေးဖြစ်တယ်။ မော်လမြိုင်မှာနေပြီး ရန်ကုန်သင်္ကြန်ကို လာလည်သူဖြစ်တယ်။ လှလှရီက အသက်နှစ်ဆယ်တစ်နှစ်ပဲ ရှိသေးတယ်။ ရုပ်ရည်လှပတယ်။ ကိုယ်ခန္ဓာ ပြေပြစ်တယ်။ စကားပြော သွက်လက်တယ်။ ရေးရေစက်ကြောင့်လား မသိဘူး။ မောင်မောင်ဟာ လှလှရီကို မြင်မြင်ချင်းပဲ ချစ်မိတယ်။

သူငယ်ချင်းမျိုးဦး၊ ပြီးတော့ မျိုးဦးအစ်မ၊ နောက်လှလှရီတို့တတွေနဲ့ သင်္ကြန်ရေကစား ထွက်ကြတယ်။ ဘုရားတွေဖူးကြတယ်။ တစ်ပျော်တစ်ပါးကြီး သွားကြရင်း မောင်မောင်ဟာ လှလှရီကို အလွန်အမင်း မျက်စိကျခဲ့တယ်။

လှလှရီကလည်း မောင်မောင့်ကို ခင်မင်ရင်းနှီးဟန်တွေ ပြတယ်။ မောင်မောင့်ဘေးမှာ ထိုင်တယ်။ သင်္ကြန်မှာတွေပြီးကတည်းက မောင်မောင့်မျက်လုံးမှာ လှလှရီကို စွဲလမ်းနေတယ်။ သူတို့ မော်လမြိုင်ပြန်တော့ မောင်မောင်ဟာ လွမ်းကျန်ခဲ့ရှာတယ်။ မောင်မောင်ဟာ သင်္ကြန်ရက် ပြီးလို့ လှလှရီတို့ပြန်သွားတဲ့အခါ မနေတတ် မထိုင်တတ်အောင် ဖြစ်ခဲ့တယ်။

နာရီပြင်ရာမှာလည်း စိတ်မပါတော့ဘူး။ သူ့ကိုယ်သူလည်း ဘာဖြစ်နေလို့ ဖြစ်နေမှန်း မသိတော့ဘူး။ တစ်နေကုန် လှလှရီအကြောင်းပဲ စဉ်းစားနေတယ်။ လှလှရီတို့ ရန်ကုန်ကပြန်ပြီး တစ်လမပြည့်ခင်မှာဘဲ သူဟာ လှလှရီကို စာရေးဆက်သွယ်တယ်။

လုလုရီကလည်း အရေးတယူစာပြန်တဲ့အခါ မောင်မောင်ဟာ စိတ်တွေလှုပ်ရှားခဲ့တယ်။ မောင်မောင်ဟာအချစ်ကို နားမလည်သေးဘူး။ အချစ်ကိုတော့ ရှာဖွေတွေ့ရှိသလို ဖြစ်ခဲ့တယ်။ လုလုရီနဲ့တွေ့ပြီး သုံးလမပြည့်ခင်မှာဘဲ မောင်မောင်ဟာ မော်လမြိုင်ကို လုလုရီနဲ့တွေ့ဖို့ တစ်ခေါက်ရောက်ခဲ့တယ်။ လုလုရီတို့ အိမ်ကလေးက ခနီမိုး၊ ထရံကာ၊ အိမ်ငယ်လေးဖြစ်ပြီး မြို့စွန်ရပ်ကွက်လေးတစ်ခုမှာ ဖြစ်နေတာကို သူသိတော့ သူစိတ်မကောင်းဘူး။ မော်လမြိုင်ကို ရောက်ရာမှာ မောင်မောင်ဟာ လုလုရီတို့အိမ်မှာတည်းတာ မဟုတ်ဘူး။ မော်လမြိုင်မြို့ပေါ်က တည်းခိုခန်းတွေမှာ တည်းခိုပြီး လုလုရီတို့အိမ်ကို အလည်သွားတာပဲဖြစ်တယ်။

လုလုရီက မောင်မောင်ကို ရည်းစားအဖြစ်အသိအမှတ်ပြုခဲ့ပါတယ်။ နေမြင့်လေ အရှုးရင့်လေ ဖြစ်သလို မောင်မောင်အဖြစ်က ဆိုးသလိုဖြစ်ခဲ့ပါတယ်။ သူဟာ စီးပွားရေးထက် သမီးရည်းစားအရေးကို ဦးစားပေးလာတယ်။

တစ်ကြိမ်။

နှစ်ကြိမ်။

သုံးကြိမ်။

အကြိမ်ကြိမ် အခါခါ မော်လမြိုင်ကို သွားပါတယ်။ တစ်လမှာ နှစ်ကြိမ်၊ သုံးကြိမ်အထိ သွားတယ်။ ရန်ကုန်နဲ့ မော်လမြိုင်ကို အိမ်ဦးနဲ့ ကြမ်းပြင်အဖြစ်သွားချင်တိုင်း သွားနေပါတယ်။ ကြာလာတဲ့အခါ ငွေကုန်လူပန်း ဖြစ်လာတယ်။ ဒါပေမယ့် မောင်မောင်ဟာ မော်လမြိုင်ကိုတော့ တစ်လ သုံး၊ လေးကြိမ် မရောက်မဖြစ် သွားတယ်။

သူ့စိတ်မှာလုလုရီကိုတွေ့ရင် ကျေနပ်နေတော့တာပါပဲ။ ပင်ပန်းတာ ကုန်တာကို သူ မစဉ်းစားဘူး။ လူဆိုတာ ဘဝအတွေးအခေါ် ပျက်ရင် အခြေအနေတွေလည်း မမှန်တော့ပါဘူး။

သူ့နာရီပြင်ဆိုင်မှာ ရက်ချိန်းတွေ မမှန်တော့တဲ့အတွက် မကြာခဏ ပြဿနာ ဖြစ်လေ့ရှိတယ်။ မောင်မောင်ဟာ အရေးတကာအရေးမှာ လုလုရီအရေးကို ဦးစားပေးတဲ့အတွက် သူ့အိမ်ရဲ့ဝင်ငွေကို လုံလောက်အောင် မစွမ်းဆောင်နိုင်ဘူး။ သူ့အစ်မကြီးကလည်း ကြွေးတွေ ပတ်လည်ဝိုင်းလာတဲ့အခါ မောင်မောင့်ကို သတိပေး ဆုံးမပါတယ်။ ဘယ်လိုပဲ ဆုံးမဆုံးမ မောင်မောင်က နားမဝင်ပါဘူး။

သူ့ဘဝမှာ လုလုရီသာ ပထမ၊ လုလုရီသာ ဒုတိယ၊ လုလုရီသာ တတိယ ဖြစ်နေတော့တယ်။ အချစ်ရူးရူးတာဟာ ဘာရူးရူးတာနဲ့မှ မတူဘူး။ အရက်မူးတာက အချိန်အတန်ကြာနဲ့ သေသွားနိုင်ပါတယ်။ အချစ်မူးပြီဆိုရင်တော့ နှစ်ရှည်လများ ခံရပါတယ်။ မောင်မောင်ဟာ သူရဲ့ ရည်းစား လုလုရီကို သွားတွေ့ရတာတွေ၊ ပံ့ပိုးကူညီရတာတွေ များလာတဲ့အခါမှာ လုပ်ငန်းထဲက ပြင်ဆင်ဖို့အပ်ထားတဲ့ နာရီတွေကိုတောင် ပေါင်နှံသုံးစွဲတဲ့အထိ ဖြစ်လာပါတော့တယ်။

သမီးရည်းစားရေးအတွက် စီးပွားရေးဟာ ကုန်းကောက်စရာ မရှိအောင် ဖြစ်ခဲ့တယ်။ နောက်ဆုံးတော့ ပြဿနာအမျိုးမျိုးတက်ရာကနေ မောင်မောင်ရဲ့ နာရီပြင်ဆိုင်လုပ်ငန်းလေးဟာ အလွဲလွဲ အချော်ချော် ဖြစ်ခဲ့တယ်။

ယခင်ကလို ဆိုင်ခန်းခကိုလည်း ကြိုမပေးနိုင်တော့ဘူး။ အခန်းရှင်ကလည်း မကြည်ဖြူတော့ဘူး။ ဒီလိုအခက်အခဲများကြားမှ မောင်မောင်ဟာ လှလှရီရှိတဲ့ မော်လမြိုင်ကို သွားဖြစ်အောင် သွားခဲ့တယ်။ သူ့ရှိတာရောင်၊ ရှိတာ ပေါင်၊ သူ့အစ်မကြီးဆီကလည်း ရသလောက် ယူ၊ သူ့ အချစ်စွန့်စားခန်းဟာ အံ့မခန်းလောက်စရာပါပဲ။

ပတ်ဝန်းကျင်က ပြောကြဆိုကြပေမယ့် မောင်မောင်သတိမဝင်ပါဘူး။ ဒီလိုနဲ့ လေးနှစ်ကျော် ငါးနှစ်ကြာခဲ့ပါတယ်။ မောင်မောင် ဆိုင်ပြုတ်တယ်။ လုပ်ငန်း ရပ်စဲတယ်။ လူလည်း နာမည် ပျက်တယ်။ အားလုံး ဝမ်းနည်းကြတဲ့ အဖြစ်ရတော့ မောင်မောင်နဲ့ လှလှရီဟာ ဖူးစာလမ်း မဆုံးခဲ့ကြပါဘူး။

မောင်မောင်တစ်ယောက် အချစ်ဆုံး အရှုံးသမားဖြစ်ခဲ့တယ်။ လှလှရီဆိုတဲ့ ကလေးမက ဝန်းထမ်းအရာရှိငယ် တစ်ယောက်နဲ့ လက်ထပ်ထိမ်းမြား အိမ်ထောင်ပြုသွားပါတော့တယ်။

*****

# ကုန်သည်ဦးသောင်းရဲ့ အဖြစ်

ဦးသောင်းဟာ ရုပ်ရည်ဥပဓိ သိပ်ကောင်းတယ်။ တည်ကြည် ခံ့ညားတယ်။ ဘွဲ့ရ ပညာတတ်ဖြစ်ပြီး ဝန်ထမ်းအလုပ်ကို ဆယ်နှစ်ခန့် လုပ်ခဲ့တယ်။

သူ့မိဘများ ကျန်ခဲ့တဲ့ အိမ်နဲ့ မြေအမွေရောင်းရပြီးမှ သူဟာ ကုန်သည်လောက စပြီးဝင်ခဲ့တယ်။ အသက်သုံးဆယ့်ငါးနှစ်လောက်ကမှ ကုန်သည်လောကစဝင်ခဲ့တာ။ လေးဆယ့်ငါးနှစ်လောက်မှာ ကုန်သည်ကြီး ဖြစ်လာတယ်။ ဆယ်နှစ်အတွင်း ကြီးပွားတယ် ဆိုရမှာပေါ့။

သူဟာ ဆက်ဆံရေးကောင်းတယ်။ ငွေယူငွေပေးနဲ့ ကုန်ယူကုန်ပေး မှန်တယ်။ အလုပ်ကို ဂရုစိုက်တယ်။ သူ့ဇနီးက ကျောင်းဆရာမဖြစ်ပြီး သားသမီးနှစ်ယောက်ရှိတယ်။ ကားပိုင်၊ အိမ်ပိုင်၊ အလုပ်ရုံပိုင်နဲ့ သူ့ဘဝဟာ အစစအရာရာ အဆင်ပြေပါတယ်။

ဦးသောင်းဟာ အစစအရာရာ ကောင်းမွန်ပြည့်စုံပေမယ့် ဆိုးတဲ့အကျင့် တစ်ခုတော့ ရှိတယ်။ သူဟာ မကြာခဏ တိတ်တဆိတ် မကောင်းတဲ့ မိန်းကလေးတွေရှိရာ အိမ်တွေ သွားတတ်တယ်။ တစ်လမှ သုံးလေးကြိမ်တော့ သွားရောက်ပျော်ပါးလေ့ရှိတယ်။

တစ်ခါတစ်ရံ ကုန်ရောင်းကုန်ဝယ်၊ ငွေပေးငွေယူ ခရီးသွားရင်း အပျော်အပါး မိန်းကလေးတစ်ယောက်ကို ခေါ်သွားတယ်။ သူဟာ မယားငယ်တော့ မထားဘူး။ ငွေပေး ပျော်ပါးရုံသက်သက်ပဲ။

သူ့ဝါသနာကို သူ့မိန်းမက မသိဘူး။ သူ့မိန်းမက အိမ်အလုပ်၊ ကျောင်းအလုပ်နဲ့ အားတယ်လို့ မရှိဘူး။ ရိုးလွန်း အေးလွန်းတယ်။ ဦးသောင်းဟာ ကုန်ရောင်းကုန်ဝယ်ကိစ္စနဲ့ နယ်စပ်တစ်နေရာကို တစ်လခန့်သွားအပြီးမှာ ရောဂါရလာတော့တယ်။ သူရတဲ့ ရောဂါက ကာလသားရောဂါဖြစ်တယ်။ အသိမိတ်ဆွေတစ်ယောက်နဲ့ ကြိတ်ပြီး ဆေးကုတယ်။ ရောဂါ လုံးဝမပျောက်သေးပေမယ့် သက်သာသလို ရှိလာတယ်။

ဦးသောင်းဟာ တစ်ကြိမ်ထိဖူးပေမယ့် သူ့အကျင့်ဆိုးကို မဖျောက်နိုင်ဘူး။ ငွေကြေးကလည်း ချမ်းသာတော့ ပျော်ပါးမှုနောက်ကို လိုက်ဖို့က လွယ်လှတယ်။ နယ်စပ်က ရလာတဲ့ ကာလသားရောဂါဟာ မပျောက်ပါဘူး။ ပြန်ထလာတယ်။

ဆေးကုတာ ပေါ့ပြီး မဆင်ခြင်တော့ ပိုလို့ဆိုးလာတာပေါ့။ သူဟာ သူ့မိန်းမနဲ့ ခွဲအိပ်တယ်။ ကြာတော့ သူ့မိန်းမလည်း သူ့ယောကျ်ားမှာ ရောဂါရှိမှန်း သိသွားတယ်။ အလွန်စိတ်ဆင်းရဲမိတယ်။ ဆေးကုရင်း ကုရင်းက တစ်နှစ်ကျော် ကြာလာတယ်။ ကာလသားရောဂါက ဆိုးသထက် ဆိုးလာတယ်။

သူ့လုပ်ငန်းတွေကို မန်နေဂျာနဲ့လွှဲထားပြီး သူဟာ အိမ်မှာပဲအနေများတယ်။ ဦးသောင်းဖြစ်တဲ့ ရောဂါကို ပတ်ဝန်းကျင်က ရိပ်မိလာတဲ့အခါ ဦးသောင်းမိသားစုဟာ

အရက်တကွဲဖြစ်ရတယ်။ ဦးသောင်းကိုယ်တိုင်လည်း ရက်ပြီး အလုပ်အတန်း အခမ်းအနားတွေ မသွားတော့ဘူး။

အဆိုးဆုံးအခြေအနေ ဖြစ်တာကတော့ ဦးသောင်းရဲ့ ဦးနှောက်ထဲကို ကာလသားရောဂါပိုး ဝင်သွားတာပါပဲ။ ကုန်သည်ဦးသောင်းဟာ အသက်လေးဆယ်ခုနစ်နှစ်မှာ ရူးသွပ်တဲ့ အရူးကြီးတစ်ယောက် ဖြစ်သွားရှာတယ်။

အပျော်အပါး မိန်းမလိုက်စားတဲ့အလုပ်က အန္တရာယ်အမျိုးမျိုးများတယ်။ ရောဂါလည်း ရနိုင်တယ်။ ရောဂါဟာ တစ်နေ့မရ တစ်နေ့ရမှာပဲ။ ဘယ်မိန်းကလေးဟာ ရောဂါရှိ၊ မရှိ ဘယ်လိုမှမသိနိုင်ဘူး။

အချို့ဆိုရင်ငွေပေးပြီး ရောဂါဝယ်ယူသလိုဖြစ်တယ်။ ကုန်သည် ဦးသောင်းဟာ ငွေပေးပြီး ရောဂါကုန်ကူးခဲ့သလို ဖြစ်တယ်။ တစ်ချိန်က နာမည်ကောင်းနဲ့ ကျော်ကြားခဲ့တဲ့ ကုန်သည် ဦးသောင်းဟာ သူရူးကြီးဘဝရောက်ပြီး နာမည်ဆိုးနဲ့ မြို့မှာပြောစရာ ဖြစ်ခဲ့တယ်။

ကုန်သည်ဦးသောင်းအကြောင်းကို ပြောရင် မြို့မှာ လူငယ်တွေ သတိဝင်ကြတယ်။ စံပြပြောစရာ ဖြစ်ခဲ့တဲ့ ကုန်သည် ဦးသောင်းပါပဲ။ သူဟာ သူရူးကြီးဘဝနဲ့ အသက် ခြောက်ဆယ်နှစ်နှစ်အထိ နေခဲ့ပြီး လမ်းဘေးမှာ သေခဲ့တယ်။ ဘဝကောင်းက ဘဝဆိုးဖြစ်အောင် မဘက်လိုက် မိုက်ဘက်ပါခဲ့တဲ့အထဲမှာ စံပြလို့ပဲပြောရတော့မယ်။

*****

# အဆိုတော်တစ်ဦး

နာမည်ရ အဆိုတော်တစ်ဦးရဲ့ အဖြစ်အပျက်ဖြစ်တယ်။ ထိုအဆိုတော်ဟာ ဟိုတယ်ကြီး နှစ်ခုမှာ ညစဉ် သီချင်းဆိုရတယ်။ ညဉ့်နက်ပိုင်း ဟိုတယ်တစ်ခုမှာ ဆိုပြီး ညဉ့်နက်ပိုင်းမှာ နောက်ဟိုတယ်တစ်ခုကို ပြောင်းတယ်။

အဆိုတော်ဟာ အသက်နှစ်ဆယ်ငါးနှစ်သာ ရှိသေးတယ်။ သူ အောင်မြင်ခဲ့တာ ငါးနှစ်လောက် ရှိပြီ။ သူ့ရဲ့ ရုပ်ရည်ချောမောမှုကလည်း အောင်မြင်မှုကို ပိုပြီး ပံ့ပိုးပေးတယ်။ သူ့ရဲ့ဝင်ငွေဟာ တစ်လကို သိန်းဂဏန်းကျော်မှာ ရှိနေတယ်။

အဆိုတော်ရဲ့ မိဘများက အရာရှိတွေဖြစ်ပြီး မျိုးရိုးစဉ်ဆက်က ချမ်းသာကြွယ်ဝတယ်။ အသံကောင်း ရုပ်ချောတဲ့ အဆိုတော်ကို ပိုးပန်းတဲ့မိန်းကလေးတွေက အများကြီးဖြစ်တယ်။

ဒါပေမဲ့ အဆိုတော်က ရည်းစား တစ်ယောက်မှ မရှိဘူး။ အနုပညာကိုပဲ စိတ်ဝင်စားတယ်။ သူ့မိဘ ညီအစ်ကိုမောင်နှမများက သူ့ကို မကောင်းတဲ့မိန်းကလေးတွေနဲ့ တွေ့မှာစိုးလို့ အမြဲသတိပေး ဆုံးမကြတယ်။

အဆိုတော်ဟာ ပညာရေးလည်း မဆုံးသေးဘူး။ ဘွဲ့ယူဖို့တစ်နှစ်ပဲ ကျန်တော့တယ်။ သူ့ရဲ့ဂီတ ပရိသတ်ထဲက သူ့စတိတ်ရှိုးတွေ မကြာခဏလာတဲ့ ဟယ်လင်းထူးဆိုတဲ့ မိန်းကလေးကို သူ သတိထားမိတယ်။

ဟယ်လင်းထူးဟာ သူ့ဆီကို မကြာခဏ ဖုန်းဆက်တယ်။ စတိတ်ရှိုးပွဲတွေမှာလည်း မကြာခဏ ပန်းကုံးစွပ်တယ်။ စတိတ်ရှိုးပြီးရင်လည်း သူ့ကို နှုတ်ဆက်ပြီးမှ ပြန်လေ့ရှိတယ်။ ဟယ်လင်းထူးက အဆိုတော်ထက် အသက် သုံးနှစ်ပိုကြီးပါတယ်။ အဆိုတော်က အသက်နှစ်ဆယ်ငါးနှစ်၊ ဟယ်လင်းထူးက အသက် နှစ်ဆယ်ရှစ်နှစ်။

ဟယ်လင်းထူး မိဘတွေကလည်း ချမ်းသာကြွယ်ဝတဲ့ လုပ်ငန်းရှင်ကြီးတွေ ဖြစ်တယ်။ အဆိုတော်ဟာ တွေ့ပါမြင်ပါများလာတော့ ဟယ်လင်းထူးကို ခင်မင်တွယ်တာလာခဲ့တယ်။

တစ်ညမှာတော့ စတိတ်ရှိုးအပြီးမှာ ဟယ်လင်းထူးက အဆိုတော်ကို လက်စွပ်တစ်ကွင်း လက်ဆောင်ပေးပါတယ်။ အဲ့သည်နေ့က အဆိုတော်ရဲ့ မွေးနေ့ဖြစ်တယ်။ လက်စွပ်ကိုလည်း မွေးနေ့လက်ဆောင်အဖြစ် ပေးတာဖြစ်တယ်။ ဟယ်လင်းထူးဟာ စတိတ်ရှိုးလာရင်း သူငယ်ချင်းအဖော်နဲ့ လာတတ်တယ်။ သူငယ်ချင်းကားနဲ့ အမြဲလာတာဖြစ်တယ်။ အဲ့သည်ညကတော့ အပြန်မှာ အဆိုတော်ကားနဲ့ လိုက်မယ်လို့ ဟယ်လင်းထူးက ပြောတယ်။

အဆိုတော်ကလည်း မငြင်းသာတဲ့အတွက် ဟယ်လင်းထူးကို တင်ခေါ်လာခဲ့တယ်။ အပြန်လမ်းမှာ ကားပျက်တယ်။ အချိန်မတော် ဖြစ်နေတဲ့အတွက် ကားပြင်ဆရာလည်း ခေါ်လို့မရဘူး။ ဒီတော့ အဆိုတော်နဲ့ ကားထဲမှာ တစ်ညလုံး နေရတယ်။

ဟယ်လင်းထူးဟာ မိန်းမတို့ မာယာနဲ့ အဆိုတော်ကို သက်ရောက်မှု ပြုပါတယ်။ အဆိုတော်က သတိမလစ်အောင် အနေရိုးသားခဲ့တယ်။

နံနက်မိုးလင်းတော့ ကားပြင်ဆရာကို ဖုန်းဆက်ခေါ်ပြီး ကားပြင်တယ်။ အဆိုတော်ကား ကောင်းသွားတော့ ဟယ်လင်းထူးအိမ်ကို ရိုးသားစွာ ကားနဲ့ လိုက်ပို့တယ်။

ဟယ်လင်းထူး အိမ်ကို ရောက်တော့ နံနက် ၈နာရီ ရှိနေပြီ။ ဟယ်လင်းထူးက ဆင်းပါဦးဆိုလို့ အဆိုတော်က ကားပေါ်က ဆင်းတယ်။ ဧည့်ခန်းမှာ ကော်ဖီသောက်နေစဉ်မှာပဲ ဟယ်လင်းထူး မိခင်က စကားပြောဖို့ ဆင်းလာတယ်။

ဟယ်လင်းထူ မိခင်ပြောလိုက်တဲ့ စကားတွေကတော့ အဆိုတော်အဖို့ အံ့သြထိတ်လန့်စွာ ဖြစ်ခဲ့ရတယ်။ သူ့သမီးကို မဖျက်ဆီးပါနဲ့။ တရားဝင် ယူပါ။ မိသား ဖသားပီပီ လက်ထပ်ထိမ်းမြား ယူပါ ပြောလာတယ်။

အဆိုတော်က သူ့တို့ ဘာမှ မဖြစ်ကြောင်း၊ ရိုးရိုးသားသား ခင်မင်ကြတာဖြစ်ကြောင်း အမျိုးမျိုး ရှင်းပြတယ်။ ဟယ်လင်းထူးမိခင်က အဆိုတော် ရှင်းပြတာကို လုံးဝလက်မခံဘူး။ ဒေါသနဲ့ သူ့ဆန္ဒကိုပဲ အတင်းအဓမ္မပြောနေတယ်။

အဆိုတော် အရှက်တကွဲ ဖြစ်ရတာကတော့ သူ့လက်မှာစွပ်ထားတဲ့ ဟယ်လင်းထူးရဲ့ စိန်လက်စွပ်အကြောင်း မေးမြန်းခံရတာပါပဲ။

အဆိုတော်က ဟယ်လင်းထူးက မွေးနေ့လက်ဆောင်အဖြစ်ပေးကြောင်း ရှင်းပြပါတယ်။ ညကမှ ပေးလို့ စွပ်ထားမိကြောင်း ရှင်းပြပါတယ်။ ဟယ်လင်ထူး မိခင်ဟာ သူ့သမီးကို ယူနိုင်၊ မယူနိုင်ဘဲအတင်း မေးနေတော့တယ်။

အဆိုတော်က သမီးရည်းစား မဟုတ်တဲ့အတွက် ယူဖို့ မစဉ်းစားနိုင်ကြောင်း ဟယ်လင်ထူး မိခင်ကို တောင်းပန်တယ်။ ဟယ်လင်ထူး မိခင်က အော်ကြီးဟစ်ကျယ် မိကောင်းဖခင်သား မပီသကြောင်း ပြောနေချိန်မှာ အခန်းထဲက ဟယ်လင်ထူး ပြေးထွက်လာတယ်။

အစကတော့ ဒီစကားတွေ ပြောနေတာ ကြားနိုင်လျက်က ဘာကြောင့် ပြေးမထွက်လာတာလဲ မသိဘူး။ အဆိုတော်ဟာ ကြာတော့လည်း ဒေါသထွက်လာတယ်။ တစ်ယောက်တစ်ခွန်း စကားများကြတယ်။

အဲသည်အချိန်မှာ အိမ်ရာက နိုးလာတဲ့ ဟယ်လင်ထူးအစ်ကိုက မိခင်နဲ့ အဆိုတော် စကားများနေတာ တွေ့ပြီး ဒေါသတရှူးရှူး ဖြစ်နေတယ်။ ဟယ်လင်ထူး အစ်ကိုဟာ နဂိုကတည်းက အဆိုတော်ဟာ သူ့ညီမကို သွေးဆောင်ဖြားယောင်း ဖျက်ဆီးသူလို့ ထင်မြင်ထားသူ တစ်ယောက်ဖြစ်တယ်။

ဟယ်လင်းထူး အစ်ကိုဟာ မိုက်ရိုင်းစွာနဲ့ ဧည့်ခန်းမှာထိုင်နေတဲ့ အဆိုတော်ကို လက်သီးနဲ့ ထိုးပါတယ်။ အဲသည်အဖြစ်အပျက်ကတော့ ကြေကွဲစရာကောင်းတဲ့ အဆိုတော်တစ်ယောက်ရဲ့ အဖြစ်အပျက်ပါပဲ။

မိန်းကလေးတစ်ယောက်ကို ရိုးသားစွာ လိုက်ပို့မိရာမှ ခံစားရတာ ဖြစ်ပါတော့တယ်။

*****

# တစ်ဖက်သတ်အချစ်

လက်ပံကုန်းရွာသား မောင်တိုးအကြောင်းကလည်း လူတွေ ပြောချင်စရာပါ။ မောင်တိုးဟာ အသက် နှစ်ဆယ်ရှိပြီး ရုပ်တန်းနဲ့ ကျောင်းထွက်ပါတယ်။ မိဘရဲ့ လယ်ယာကိုင်းကျွန်းကို ကူလုပ်တဲ့အခါလည်း လုပ်တယ်။ မလုပ်ချင်လည်း လုံးဝလယ်ထဲ မဆင်းပါဘူး။

မောင်တိုးမှာ မောင်နှမ ငါးယောက်ရှိပြီး မောင်တိုးက အငယ်ဆုံးဖြစ်တယ်။ အကြီးတွေ အားလုံး မိန်းကလေးတွေချည်းပဲ။ အစ်မတွေက လယ်ယာကိုင်းကျွန်းလုပ်ပြီး မောင်တိုးက မလုပ်ဘူး။

နေ့စဉ်မုန့်ဖိုးရတဲ့ ပိုက်ဆံကို ထန်းရည်သောက်တတ်တယ်။ သူငယ်ချင်းတွေနဲ့ ရွာစဉ်လည်၊ ထန်းရည်သောက်တတ်တယ်။ ကြက်ဝိုင်းလည်း သွားတတ်တယ်။

မိဘပိုက်ဆံ ခိုးတာကလည်း ခဏခဏပဲ။ မိဘက ဆုံးမရိုက်နှက်လည်း သူလိုရင် လုပ်တာပဲ။ ကြက်ဝိုင်းရှိရင် အိမ်ကပစ္စည်း ပျောက်တတ်တယ်။ အစ်မတွေရဲ့ ထဘီလည်း မချန်ဘူး။

မောင်တိုးမှာ တစ်ဖက်သတ်အချစ်နဲ့ ချစ်နေတဲ့ မထွေးလေးဆိုတာ ရွာထဲမှာ ရှိတယ်။ မထွေးလေး မိဘက ချမ်းသာတယ်။ လယ်တွေအများကြီးပိုင်ပြီး ရွာမှာ စပါးပေး၊ ငွေတိုးတို့ လုပ်တယ်။ မောင်တိုးဟာ မထွေးလေးကို အကြိမ်ကြိမ် ချစ်ရေးဆိုတယ်။ စကားလိုက်ပြောတယ်။ စာပေးတယ်။

ဘုန်းကြီးကျောင်းသွားလည်း လိုက်၊ ဈေးဝယ်သွားလည်း လိုက်၊ မြို့တက်လည်း လိုက်တာပဲ။ မထွေးလေးက သူ့ကို သဘောမကျဘူး။ အကြိမ်ကြိမ် အနှောင့်အယှက်ပေးလွန်းတော့ မထွေးလေးဟာ သူ့မိဘများကို တိုင်တယ်။ မထွေးလေး မိဘများက မောင်တိုးမိဘတွေကို လာတိုင်တယ်။

မိဘတွေက ဘယ်လိုပြောဆိုဆို မောင်တိုးက ချောင်းမြဲ၊ လိုက်မြဲပါပဲ။ မထွေးလေးကို တစ်နေ့မှာ မရရအောင် ယူမယ်လို့ သူက ကြုံးဝါးထားတယ်။ မထွေးလေးမှာ အစ်ကိုတွေ ရှိတယ်။ အစ်ကိုတွေက သည်ကိစ္စကို မကျေနပ်ဘူး။

မောင်တိုးက တစ်ရွာတည်းသားဖြစ်လို့ နှုတ်နဲ့တော့ သတိပေးကြတယ်။ ညီမကို မနှောက်ယှက်ဖို့ တောင်းပန်ကြတယ်။ မောင်တိုးက ဘယ်သူ့ဘာပြောပြော မထွေးလေးကို လိုက်မြဲ လိုက်ပါတယ်။ မထွေးလေးကို မတွေ့ရရင် မနေနိုင်ပါဘူးလို့ သူ့ သူငယ်ချင်းတွေကို ပြောတယ်။

တစ်နေ့မှာ မထွေးလေး ရေချပ်ပြီး ပြန်အလာ မောင်တိုးစကားလိုက်ပြောရာက ရေအိုးကျကွဲတယ်။ အဲဒါကို မထွေးလေးအစ်ကိုတွေသိပြီး တုတ်ဆွဲ၊ ဓားဆွဲဖြစ်ကြတယ်။ တားနိုင်သူတွေက တားနိုင်လို့ မောင်တိုးဓားခုတ်မခံရတာ။

မောင်တိုးဟာ အဲသည်လိုတွေ ဖြစ်လည်း နောက်မဆုတ်ပါဘူး။ ရွာဘုရားပွဲခင်းထဲမှာ ဖြစ်တာကတော့ မောင်တိုးဘဝ နောက်ဆုံးနေ့ပါပဲ။ ဘုရားပွဲခင်းထဲမှာ မထွေးလေးကို လက်ဆွဲစကားပြောတယ်။ မောင်တိုး အရက်လည်း မူးနေတယ်။ အဲသည်ညက မထွေးလေး အစ်ကိုတစ်ယောက်နဲ့ သူငယ်ချင်းနှစ်ယောက် ပေါင်းပြီး ရိုက်တာ၊ မောင်တိုးရဲ့ တစ်ဖက်သတ်အချစ်ဟာ အဆုံးသတ်သွားတော့တယ်။

*****

# ဖဲသမား ဘညို

ဘညိုဟာ ဖဲသမားဖြစ်တယ်။ ဖဲဝိုင်းရှိတဲ့နေရာ ထာဝစဉ် လျှောက်ရိုက်နေတာပဲ။ ကိုးမီးလည်း ကစားတယ်။ ဘူကြီးလည်း ကစားတယ်။ တစ်ချပ်မှောက်လည်း ကစားတယ်။ ပိုကာလည်း ကစားတယ်။ ဖဲကစားနည်း မှန်သမျှ သူ တတ်ကျွမ်းတယ်။

သူဟာ ဘယ်ကစားနည်းဖြစ်ဖြစ် ကစားတဲ့ ဖဲသမားပဲ။ သူဟာ ရွာတကာလည်၊ အရပ်တကာလည် အမြဲပဲ ဖဲကစားတယ်။ ဘညို မပါတဲ့ အသုဘပွဲဆိုတာ မရှိသလောက်ပဲ။ ဘညို မိန်းမက မိဘေသေတာ အမွေဆယ်သိန်းလောက်ရထားတယ်။ သည်တော့ ဘညိုမှာ အရင်းရှိနေတာပေါ့။ ဘညိုဟာ ဖဲအကျိုးပေးတယ်လို့လည်း ဆိုရမယ်။

ဖဲရိုက်ရင် ဆယ်ပွဲမှာ ခုနစ်ပွဲလောက် နိုင်တယ်။ သူဟာ ဖဲတစ်မျိုးပဲ သူ ကစားသူပါ။ အရက်မသောက်တတ်ဘူး။ မိန်းမ မရှုပ်တတ်ပါဘူး။

တစ်နေ့သော ဘညိုဟာ ရွာတစ်ရွာမှာ ဖဲကစားပြီး နိုင်လာခဲ့တယ်။ သူနဲ့သိတဲ့ ဖဲသမားတစ်ယောက်ရဲ့ ဇနီးက သူ့ကို အိမ်ကိုခေါ်ပါတယ်။ အချိန်မရှိတော့တဲ့အတွက် ရွာမှာပဲ အိပ်ဖို့ ပြောခဲ့ပါတယ်။ ဘညိုဟာ သူငယ်ချင်း ဇနီးစကားကို လက်ခံလိုက်တယ်။ ထိုမိန်းမဟာ ဘညိုဆီက ငွေလိုချင်နေတဲ့အတွက် မူရာမာယာ အမျိုးမျိုးနဲ့ ဆွဲဆောင်ပါတယ်။

ညဥ့်သန်ခေါင်ယံ အချိန်ရောက်လာတော့ ဘညိုအိပ်ရာကို အဲသည်မိန်းမက လာတယ်။ ဘညိုဟာ သတိလက်လွတ် ဖြစ်သွားတယ်။

ထိုအချိန်မှာ အဲသည်မိန်းမရဲ့ ခင်ပွန်းသည်ဟာ အိမ်ကို ပြန်ရောက်လာပါတယ်။ ဘညိုတစ်ယောက် အကြီးအကျယ် ဒုက္ခရောက်သွားတယ်။ သူဟာ မမျှော်လင့်ဘဲ မုဒိန်းမှု ဖြစ်ခဲ့ရတယ်။ ဘယ်လိုမှ ငြင်းလို့ မရဘူး။

ဘညိုဟာ ဖဲနဲ့ ထောင်မကျဖူးဘဲနဲ့ မမျှော်လင့်ဘဲ မုဒိန်းမှုနဲ့ ထောင်ထဲ ရောက်ခဲ့ရပါတယ်။ တစ်ချက်အမှားကြောင့် တစ်သက်မှား သွားရတာဖြစ်တယ်။

မနင့် ပတ်သက်ရင် တစ်ချက်မမှားဖို့ အရေးကြီးလှပါတယ်။

*****

# ကျော်ဦးရဲ့ လမ်းမှားခြင်း

ကျော်ဦးဟာ ကားစပယ်ယာတစ်ယောက်ပါ။ ရန်ကုန်-ပြည် ကားလိုင်းမှာ စပယ်ယာလိုက်ပါတယ်။ သူ့ရဲ့ ယာဉ်နောက်လိုက် နစ်သက်ကလည်း ဆယ်နစ်လောက်ရှိပါပြီ။

ကျော်ဦးဟာ အသက်သုံးဆယ် ရှိခဲ့ပါပြီ။ သူဟာ မိခင်အိုကြီးကို လုပ်ကျွေးသူတစ်ယောက်ဖြစ်တယ်။ အမေတစ်ခု သားတစ်ခု ဖြစ်တယ်။

ကျော်ဦးဟာ ခရီးသည်တွေကို ဂရုစိုက်တတ်ပါတယ်။ သူ့အလုပ်လုပ်တာ တော်တဲ့အတွက်ကားပိုင်ရှင်ကရော၊ ယာဉ်မောင်းကပါ ကျေနပ်တယ်။ ကျော်ဦးဟာ ယာဉ်စီးခကို ညာလည်းမညာဘူး ခိုးလည်း မခိုးဘူး။ ရိုးရိုးသားသား ကြိုးကြိုးစားစားပဲ အလုပ်လုပ်ခဲ့တယ်။

သူ့အလုပ်ဟာ ဘာပြဿနာမှ မရှိဘူး။ အားလုံးအဆင်ပြေတယ်။ လုပ်ကိုင်ခဲ့တာပဲဖြစ်တယ်။ တစ်နေ့မှာတော့ ကျော်ဦး ကားပေါ်မှာ အသက်ဆုံးဆယ်အရွယ် မိန်းမတစ်ယောက်ပါလာပါတယ်။ အဲသည်မိန်းမဟာ ကျော်ဦးကို မယာအမျိုးမျိုးအဖုံဖုံ ဆွဲဆောင်ခဲ့ပါတယ်။ အဲသည်မိန်းမာ လက်ပံတန်းမြို့ ကားအဆိုက်မှာ လုံးဝပျောက်ဆုံးသွားပါတယ်.။

ယာဉ်စီးခထည့်ထားတဲ့လွယ်အိတ်လည်း မရှိတော့ပါဘူး။ မိန်းမတစ်ယောက်ကိုယုံလိုက်တဲ့ ယာဉ်နောက်လိုက် ကျော်ဦးဟာ ကားခ ပိုက်ဆံတွေ လုံးဝပါသွားပါတယ်။

လောကမှာ မိန်းမသားဆိုလို့လည်း လွယ်လွယ်ကူကူ ယုံကြည်လို့ မရပါဘူး။

မိန်းမသားဆိုပြီး ပေါ့ပေါ့ဆဆ ထားခဲ့ရင် မိန်းမသားကလည်း လိမ်ညာတတ်တာပါပဲ။ ကျော်ဦးဟာ သူ့လခထဲကပဲ အဲသည်နေ့က ယာဉ်စီးခတွေကို ဖြေရှင်းလိုက်ရပါတယ်။

*****

## ကိုသန်းအောင်ရဲ့ ဘဝအတွေ့အကြုံ

ကိုသန်းအောင်ဟာ အသက်လေးဆယ် ရောက်မှ အိမ်ထောင်ကျပါတယ်။ ကိုသန်းအောင်ဟာ တောင်ဥက္ကလာမှာ နေစဉ် ဘက်ထရီ အားသွင်းလုပ်ငန်း လုပ်တယ်။ လျှပ်စစ်ပြုပြင်ရေးလုပ်ငန်းလည်း လုပ်တယ်။

သူ့ရဲ့ဝင်ငွေဟာ မိသားစုအားလုံး စားလောက်ပါတယ်။ ပိုလျှံတာကြောင့်လည်း စုလို့ရပါတယ်။ ကိုသန်းအောင်မှာ အဖေ မုဆိုးဖိုကြီး ရှိတယ်။ ညီမ တစ်ယောက်လည်း ရှိတယ်။

ပျော်ပျော်ရွှင်ရွှင် ပြည့်ပြည့်စုံစုံ မိသားစု နေထိုင်လာခဲ့ပါတယ်။ တစ်နှစ်မှာတော့ တောင်ငူက ဦးလေးဆီ သွားရင်း တောင်ငူသူနဲ့တွေ့ပြီး ဖူးစာဆုံ မေတ္တာမျှခဲ့ပါတယ်။ တောင်ငူသူနဲ့ တွေ့ပြီး ကိုးလအတွင်းမှာပဲ ကိုသန်းအောင်ဟာ အိမ်ထောင်ပြုခဲ့ပါတယ်။

ကိုသန်းအောင် အိမ်ထောင်ပြုတော့ တောင်ငူအနီးက ရွာတစ်ရွာမှ သွားပြုပါတယ်။ မင်္ဂလာဆောင်အပြီးမှာ မိန်းမကိုရန်ကုန် ခေါ်ခဲ့ပါတယ်။ အိမ်မှာပဲ အတူနေထိုင်ရင်း စီးပွားရေးလုပ်ငန်းတွေ ဆက်လုပ်ခဲ့ပါတယ်။

အလုပ်အကိုင်လည်း ကောင်းတယ်။ မိသားစုအရေးကလည်း အဆင်ပြေပါတယ်။ ကိုသန်းအောင် မိန်မဟာ ရိုးတယ်၊ အေးတယ်၊ မိန်းမကောင်း ပီသပါတယ်။

အလွန်ခက်ခဲတဲ့ ပြဿနာကတော့ ကိုသန်းအောင် မိန်းမဟာ ရန်ကုန်မြို့မှာ မနေချင်တာပဲဖြစ်တယ်။ သူဟာ ရန်ကုန်မြို့မှာ မပျော်ဘူး။ တောင်ငူမြို့မှာပဲ မိဘ၊ ဆွေမျိုးတွေနဲ့ အတူနေချင်တယ်။

ကိုသန်းအောင်ဇနီး မအိဖြူရဲ့ တိုက်တွန်းမှုကြောင့် ကိုသန်းအောင် ကြာတော့ စိတ်လှုပ်ရှားလာတယ်။ မိန်းမကို ချစ်တဲ့စိတ်နဲ့ ရန်ကုန်ကနေ တောင်ငူပြောင်းဖို့ စဉ်းစားခဲ့တယ်။ မိဘ၊ ညီမတွေ တားပေမယ့် ကိုသန်းအောင်ဟာ လက်မခံခဲ့ပါဘူး။

မိန်းမရဲ့ အလိုကို လိုက်ပြီး တောင်ငူကိုရောက်ရင်ရှိတဲ့ငွေ အရင်းအနှီးနဲ့ ဆက်လက် အလုပ်လုပ်မယ့် သဘောပါ။ ကိုသန်းအောင်ဟာ မိန်းမ ဆန္ဒသဘောကျ အရာရာ အလိုလိုက်ခဲ့တယ်။

အဖေအိုကြီးနှင့် ညီမပြောတာကို လုံးဝ လက်မခံပါဘူး။ အဖေအိုကြီးနှင့် ညီမဟာ စိတ်မပျော်ရွှင်စွာနဲ့ ကိုသန်းအောင်ကို အလိုလိုက်ပြီး ရန်ကုန်ကနေ ပြောင်းခဲ့ရပါတယ်။

တောင်ငူရောက်ချိန်မှာ တစ်နှစ်ကျော်တဲ့အထိ ဘာဝင်ငွေမှ မရှိဘူး။ အိမ်ရောင်းထားတဲ့ငွေ တဖြည်းဖြည်း ကုန်လာတယ်။ ဇနီး မိဘ ဆွေမျိုးများက ချေးငှားတဲ့ငွေလည်း ပြန်ရတယ်လို့ မရှိဘူး။

တောင်ငူရောက်ပြီး နှစ်နှစ်အတွင်းမှာပဲ ကိုသန်းအောင်ဟာ စားဝတ်နေရေး အဆင်မပြေတော့ဘူး။ မဘက်လိုက်မိလို့ ဒုက္ခတွေ အခက်အခဲတွေ အမျိုးမျိုး ကြုံနေရတယ်။

ယောက္ခအိမ်မှာနေပြီး စီးပွားရေးတွေ အဆင်မပြေတဲ့အခါ ယောက်ဖတွေ၊ ခယ်မတွေနဲ့လည်း အဆင်မပြေ ဖြစ်လာတယ်။ ဘယ်လိုမှ မနေနိုင်အောင် ဖြစ်လာတယ်။

ဇနီးဖြစ်သူနဲ့လည်း အဆင်မပြေတော့ဘူး။ စီးပွားရေး မပြေလည်တော့ အစစအရာရာ ဒုက္ခတွေများနေတယ်။

ကိုသန်းအောင်ဟာ ငွေလည်းကုန်၊ လူလည်းပန်းဖြစ်ပြီး မိန်မအလို လိုက်မိတာ မှားကြောင်း သိတဲ့အချိန်မှာ သူ့လက်ထဲ ငွေမရှိတော့ပါဘူး။

နောက်ဆုံးတော့ ကိုသန်းအောင်ဟာ ဘယ်လိုမှ မဖြေရှင်းနိုင်တော့ဘဲ အဖေအိုကြီးကို ဘိုးဘွားရိပ်သာ ပို့ပါတယ်။ ညီမကိုတော့ ပုသိမ်မှာရှိတဲ့ ဆွေမျိုးတစ်ယောက်ဆီပို့ပြီး သူကတော့ သူငယ်ချင်းတစ်ယောက်အိမ်မှာ မှီခိုပါတယ်။

မဘက်လိုက်မိလို့ စီးပွားပျက်၊ ဘဝပျက်တယ်လို ဆိုရမှာပါ။ လောကမှာ ယောကျ်ားတွေဟာ မိန်းမအလိုကျကို စဉ်းစဉ်းစားစား လိုက်သင့်ပါတယ်။

ကိုသန်းအောင် တစ်ယောက် ဘဝကောင်းမှ အခြေအနေမဲ့ဘဝဆိုးကို ရောက်ရတာ မိန်းမအလိုကို မှားယွင်းလိုက်မိလို့ပါပဲ။

*****

# ဦးလွန်းမောင် မစိတ်မွန်ခြင်း

ဦးလွန်းမောင်ဟာ အသက် (၆၀) ရှိပါပြီ။ သူ့မှာ သားသမီးငါးယောက် ရှိပါတယ်။ သား နှစ်ယောက် သမီး သုံးယောက် ရှိပါတယ်။

ဦးလွန်းမောင်ဟာ မိဘလက်ငုတ်လက်ရင်း ကျန်ခဲ့တဲ့ ငွေရင်းငွေနီးနဲ့ စီးပွားရှာခဲ့ပါတယ်။ သူ့ဘဝမှာ ဘာအခက်အခဲမှ မရှိခဲ့ပါဘူး ဦးလွန်းမောင်ဟာ မုဆိုးဖိုဘဝနဲ့ သူ့ရှာစာနှင့် သူ့သမီး ရှာစာနဲ့ လုံလောက်ခဲ့ပါတယ်။

တစ်နေ့မှာတော့ ဦးလွန်းမောင်ဟာ အိမ်မှာ မည်သူမျှမရှိတဲ့အချိန်မှာ ရွာထဲက အနိုပ်သည် မသောင်းစိန်ကို ခေါ်ပြီး အနိုပ်ခံပါတယ်။ မသောင်းစိန်က ဦးလွန်းမောင်ကို အစစပြုစုရာက ဦးလွန်းမောင် စိတ်ထားတွေ ဖောက်ပြန်လာပြီး မသောင်းစိန်ကို အဓမ္မ သားမယားပြုကျင့်ပါတယ်။

ဦးလွန်းမောင် အမှုဟာ တစ်သက်တာ အမှုဖြစ်ခဲ့ပြီး အသက်ကြီးကာမှ ထောင် ၇ နှစ် ကျပါတယ်။ သူဟာ ရဲဘက်စခန်းမှာနေခဲ့ရပြီး ရွာပြန်ရောက်တဲ့အခါမှာလည်း နာမည်ပျက်နဲ့ နေရတယ်။ အသက်ကလည်းကြီးပြီး ကျန်းမာရေးလည်း မကောင်း ဖြစ်နေပါတော့တယ်။ သူသေတော့ အသက် ၈၂နှစ် ရှိပါပြီ။ သူဟာ အသက်ကြီးမှ မဘက်လိုက် မိုက်ဘက်ပါမိတဲ့အတွက် သူ့အမှုဟာ သံဝေဂ ရစရာပါ။

ဘဝဟာ ဘဝပဲ ဖြစ်တယ်။ တဏှာစိတ်က ဘဝကိုလွှမ်းမိုးရင် ဘဝပျက်စီးတတ်ပါတယ်။ တဏှာရာဂစိတ်က ဒေါသစိတ်လိုပဲ မမျှော်လင့်ဘဲလည်း ပေါ်ပေါက်တတ်ပါတယ်။

သတိနဲ့ ချုံးနိမ်မှ ရပါတယ်။

ဦးလွန်းမောင်ကဲ့သို့ အဖြစ်အပျက်တစ်ခုကို ဆရာဝန် တစ်ယောက်လည်း ဖြစ်ခဲ့ဖူးပါတယ်။ အသက်သုံးဆယ်ကျော် ပညာတတ် ဆရာဝန်လေးတစ်ယောက်ဟာ အရက်မူးပြီး အိမ်ဖော်မလေးကို သားမယား ပြုကျင့်ခဲ့ပါတယ်။

ထိုဆရာဝန်လည်း အလုပ်လည်း ပြုတ်ခဲ့တယ်။ ထောင်လည်း ကျတယ်။ သည့်နောက်တော့ နာမည်ပျက်ခဲ့လို့ မိဘမြို့ရွာကနေ အရပ်တစ်ပါးကို ပြောင်းပြေးခဲ့ရပါတယ်။ သည်လိုအမှုမျိုးဟာ သိပ်ကို နာမည်ပျက်တဲ့ အမှုမျိုး ဖြစ်တော့တယ်။

*****

# မိန်းမအတွက် ငွေ

အောင်မိုးဟာ ပစ္စည်းဥစ္စာချမ်းသာတဲ့ ကုန်သည်တစ်ဦးရဲ့ သားတစ်ယောက်ပါ။

သူဟာ ရိုးသားတယ်။ အသက် ၂၈နှစ်အရွယ်ရောက်သည်အထိ အရက်လည်း မသောက်တတ်ဘူး။ မိန်းမနဲ့ ပတ်သတ်လို့လည်း စိတ်မဝင်စားခဲ့ဘူး။

မိဘအိမ်မှာနေ၊ မိဘကျွေးတာစားပြီး ကြီးပျင်းလာတော့ ပြဿနာဆိုတာ ဘာမှ မရှိခဲ့ပါဘူး။ သည်လိုနေရာကနေ မနင်းဖြူဆိုတဲ့ မိန်းကလေးနဲ့ တွေ့ပြီးချစ်ကြိုက်ခဲ့ကြတယ်။ မနင်းဖြူကို လိုချင်ရာမှစပြီး သဌေးသားဘဝကနေ အလုပ်သမားလေး ဖြစ်ခဲ့ရတယ်။

သူ့ဘဝဟာ အချိန်တန် စားစရာ၊ ဝတ်စရာ အသင့်ရှိနေရာက ရန်ကုန်မြို့ စက်မှုဇုံတစ်ခုမှာ အလုပ်ဝင်ရောက် လုပ်ကိုင်ပါတယ်။

အောင်မိုးဟာ မဘက်လိုက်မိတဲ့ စိတ်ကများလာနေတော့ ဘဝကို ပုံစံဖျက်ပါတော့တယ်။ မိန်းမကလည်း လက်ထပ်ဖို့ လောဆော်နေတော့ ကြံမိကြံရာ ကြံပါတော့တယ်။ အောင်မိုးဟာ မိန်းမလိုချင်စိတ်နဲ့ လုပ်ငန်းထဲက ငွေတွေကို အလွဲသုံးစားလုပ်ပြီး ခိုးယူလိုက်ပါတော့တယ်။

အောင်မိုးဟာ သိန်း ၂၈ကျော် ခိုးယူပြီးပေမယ့် မိန်းမမယူဖြစ်ခဲ့ပါဘူး။ လောကမှာ ဥပဒေ ရှိပါတယ်။ ဘာမဆို ကိုယ့်သဘောနဲ့ ကိုယ်လုပ်လို့မရပါဘူး။ မိန်းမလိုချင်တဲ့ အောင်မိုးဟာ နောက်ဆုံး ဘာဖြစ်လဲ။

သူဌေးသား အောင်မိုးဟာ ရဲဘက်စခန်းတစ်ခုမှာ ပင်ပန်းကြီးစွာ အလုပ်လုပ်ရင်း အပြစ်ဒဏ်ကို ခွေးနဲ့ ဆပ်နေရပါတယ်။

ဘဝဟာ ဘဝပဲ။

အချစ်ဟာ အချစ်ပဲ။

ဥပဒေဟာ ဥပဒေပဲ။

မတတ်နိုင်တဲ့အလုပ်ကို အချစ်အတွက် စွန့်စားတာဟာ ဘဝကို ဒုက္ခခံခြင်း တစ်မျိုးပါပဲ။ မဘက်လိုက်လို့ မိုက်ဘက်မပါပါနှင့်။ မအတွက် မရိုးသားတဲ့နည်းလမ်းနှင့်လည်း ငွေမရှာကြပါနှင့်။

*****

## လူ့အနှစ် သို့မဟုတ် အကျင့်စာရိတ္တ

*"လူကောင်းတစ်ဦးရဲ့ အကျင့်စာရိတ္တဟာ သူ့ရဲ့ကံကြမ္မာဖြစ်တယ်"*

*(ဟီရာဒစ်တပ်စ်)*

လူကို အဆင့်ခွဲသွားသည်မှာ အကျင့်စာရိတ္တသာလျှင် ဖြစ်၏။ ငွေကြေးဥစ္စာရှိသော်လည်း အကျင့်စာရိတ္တ မကောင်းသူမှာ အဆင့်မရှိ။ လူတော မတိုး။ လူရာ မဝင်နိုင်။

ငွေကြေးဥစ္စာပေါ်မှာ ကြည့်ပြီး အဆင့်ပေးထားသည်မှာ ယာယီသာ ဖြစ်သည်။ ကျောင်းပညာ၊ ဘွဲ့၊ ဒီဂရီ ရ ထားသော်လည်း အကျင့်စာရိတ္တ ကောင်း မကောင်း အဆင့် မရှိ။

လောကမှာ ဂုဏ်နှင့်ဒြပ် ဆိုသည်မှာ ဟပ်မိမှသာ ခိုင်မြဲသောအရာ ဖြစ်သည်။ အမှန်တကယ်တော့ လူတွေကို အကျင့်စာရိတ္တက အဆင့်ခွဲသွားခြင်းဖြစ်သည်။ လူတစ်ယောက်၏ ဘဝကို အဘယ်အရာတွေက အဓိကဖန်တီးသွားသနည်း။

လူတစ်ဦး၏ ဘဝကို အတိတ်ကံနှင့် ထိုသူ၏ ယခုပြုသော ပစ္စုပ္ပန် အကျင့်စာရိတ္တကံက ဖန်တီးသွားပါသည်။ အကျင့်နှင့် စာရိတ္တကို ပူးတွဲခေါ်ကြ၏။ အကျင့်သည် ကြာလာသော် စာရိတ္တ ဖြစ်လာ၏။ အကျင့်ကောင်းတွေ ကျင့်က စာရိတ္တကောင်း တွေ့ရ၏။ အကျင့်ဆိုးတွေ ကျင့်က စာရိတ္တဆိုးတွေ တွေ့ရ၏။

လူလောက၌ အကျင့်စာရိတ္တ ကောင်းမွန်ခြင်းက နှစ်လိုအပ်သော ဂုဏ်ရည်တစ်ရပ်ဖြစ်၏။ မြတ်နိုးအပ်သောအရာလည်း ဖြစ်၏။ လောကတွင် လူနှင့်လူချင်း ပေါင်းသင်းရာတွင် အကျင့်ကောင်းမှ ပေါင်းချင်ကြ၏။ ပေါင်းသင်း ဆက်ဆံလို၏။

အကျင့်ပျက်ပြားသူ၊ ယုတ်နိမ့်သူကို မည်သို့ လူရာသွင်းကာ စိတ်ချလက်ချ ပေါင်းသင်းချင်ကြမည်နည်း။ အကျင့်စာရိတ္တသည် လူ့ဘဝခရီး၌ အရေးအကြီးဆုံး၊ အလိုအပ်ဆုံး၊ အကြိုးစားရဆုံး ကိစ္စဖြစ်၏။

-အကွပ်မရှိသော ကြမ်းသည် ပရမ်းပတာဖြစ်၏။

-ပဲ့မပါသော လှေသည် လိုရာ မရောက်။

-အဆိုင်းမရှိသော ဘူးက ကွဲလွယ်၏။

-စည်းကမ်းမရှိလျှင် နည်းလမ်းမရှိဘဲ ဆုံးရှုံးတတ်၏။

-အကျင့်စာရိတ္တ မကောင်းလျှင် မည်သည့်ကိစ္စမှ တိပစ္စာ အောင်မြင်လာမှာ မဟုတ်သလို ကောင်းလာနိုင်မည် မဟုတ်ချေ။ အကျင့်စာရိတ္တ ပျက်လျှင် အကုန်ပျက်၏။

-ပစ္စည်းဥစ္စာဆုံးရှုံးလျှင် မည်သည့်အရာမှ မဆုံးရှုံး။ ကျန်မာရေး ဆုံးရှုံးလျှင် တချို့တစ်ဝက်သာ ဆုံးရှုံး၏။ အကျင့်စာရိတ္တ ဆုံးရှုံးလျှင်ကား အားလုံး ဆုံးရှုံးခြင်း ဖြစ်၏။ လောကလူ့ရွာ၌ လူနှင့်လူချင်း ကောင်းမှုသာ ပေါင်းသင်းဆက်ဆံလိုသည့် သဘာဝကြောင့် အကျင့်စာရိတ္တ မကောင်းလျှင် မပေါင်းချင်သည်မှာ သဘာဝပင်ဖြစ်၏။

အကျင့်စာရိတ္တ မကောင်းသဖြင့် လူအများ၏ ဘေးဖယ်ထားခြင်း ခံရသော ဆုံးရှုံးမှုသည် ကြောက်စရာ ကောင်း၏။ လူဆိုသော သတ္တဝါမှာ လူအများနှင့် ဖွဲ့စည်းနေထိုင်ရသဖြင့် လူ၏ဆန့်ကျင်ခံရခြင်းမှာ မဟာဆုံးရှုံးခြင်းပင်ဖြစ်တော့၏။

အကျင့်စာရိတ္တ ပျက်စီးဆုံးရှုံးခြင်းက ရွှေ ငွေ ဆုံးရှုံးသည်ထက် နမြောစရာ ကောင်း၏။ ရွှေ ငွေကား ပြန်ရှာ၍ ရ၏။ အကျင့်ပျက်၊ နာမည်ဆိုးကို အဖတ်ဆည်ရသည်မှာ ခက်သည်။ ထို့ပြင် ကောင်းမှုတွေ အပြန်အလှန် ပြုနိုင်ရန်ဆိုသည်မှာ အကျင့်စာရိတ္တကသာ အခဆုံးအဖြတ်ပေး၏။

လူအများနှင့် လူဘောင်စည်းကမ်းကို လိုက်နာရ၏။ ထိုအခါမှာသာ လူအများက ကျေနပ်မည် ဖြစ်သည်။ လောက၌ လူ့ကျင့်ဝတ်ပျက်သူ၊ စာရိတ္တ မကောင်းသူ၊ လူဆိုး လူမိုက်များကို မလိုလားဘဲ ထုတ်ပယ်၏။ ထိုသူတို့အတွက် အကျဉ်းထောင်ကို တည်ဆောက်ထားရသည်။

လူ့ဘောင်တွင် တစ်ဦးချင်း ကောင်းမွန်ရေးသည် အဓိက ကျလှပါသည်။ လူ့အဖွဲ့အစည်း၏ အကြီးမားဆုံး မျှော်လင့်ချက်မှာ လူပုဂ္ဂိုလ်တိုင်း၏ ကိုယ်ကျင့်တရားပေါ်တွင် တည်၏။

လူမှာ ဘဝရှိ

ဘဝမှာ လူရှိ

လူမှာ ဘဝရှိလာသဖြင့် အလုပ်ရှိလာရသည်။ စား၊ ဝတ်၊ နေရေး ရှိလာတော့ အလုပ်နှင့် ဖြေရှင်းရ၏။ အလုပ်ဆိုရာမှ တစ်ဦးတည်း လုပ်ရခြင်းထက် အများနှင့်တွဲလုပ်ရသည်က များသည်။ တွဲဖက် လုပ်ကြရသည်။ အကျိုးစီးပွား အလုပ်အကိုင် တွဲလုပ်ရာမှာ အကျင့်စာရိတ္တ ကောင်းမွန်သူကိုသာ တွဲ လုပ်ချင်ကြ၏။ တာဝန်ပေးချင် ကြ၏။

ထို့အတူပင် အိမ်ထောင်ပြုရာမှာလည်း အကျင့်ကောင်းသူကို ရွေးချယ်တွဲဖက် ဘဝခရီး ဆက်ကြ၏။ ဘဝနှင့် အကျင့်စာရိတ္တ။ အကျင့်စာရိတ္တနှင့် ဘဝ။

ထိုနှစ်ခုသည် တွဲနေရသည်။ ခွဲနေ၍ မဖြစ်။ ဘဝတက်လမ်းအတွက် စာရိတ္တကောင်း မရှိမဖြစ် လိုအပ်သည်။ အကျင့်စာရိတ္တ ပျက်၍ ဘဝခက်နေ၊ ဘဝပျက်နေသူများအကြောင်းကို ကြားနေမြင်နေ ကြရတတ်ပါသည်။

လူ့ဘဝ ရရှိရာ၌ ချမ်းသာဖို့၊ တော်ဖို့၊ အောင်မြင်ကျော်ကြားဖို့ထက် အကျင့်သီလ ရှိဖို့က ပို၍ လိုလားအပ်၏။ အကျင့်သီလသည် အဓိက ဖြစ်သဖြင့် အဓိကနှင့် သာမည ခွဲခြား သိဖို့လို၏။

"သီလဗျသန" ဟု ခေါ်သော ကိုယ်ကျင့်တရား ပျက်လာလျှင် လူမှုရေး အန္တရာယ်တွေ ဖြစ်ပေါ်လာတတ်ချေ၏။ သီလပျက်လျှင် ဘဝခက်၏။ သီလဖက်မှ ဘဝ တက်သည်။

လူ့လောက၌ အခိုက်အတန့်သာ တည်ရှိသော လောကမဟုတ်ဘဲ အနာဂတ်ကိုလည်း ရှေးရှုလျက် တည်ရှိနေသော လောကဖြစ်သည်။ အကျင့်စာရိတ္တကောင်းများက အနာဂတ်ကောင်းများကို ဖန်တီးနိုင်၏။ အကျင့်စာရိတ္တကောင်းသည် ယခုသာမဟုတ် နောင်ရေး၊ အမြဲပါ ကောင်းရသောအရာ၊ လူအတွက် အကျင့်စာရိတ္တ ဆိုသည်မှာ အလွန်အရေးကြီးလှသော တာဝန်ကြီး တစ်ရပ် ဖြစ်၏။

စောင့်ထိန်းအပ်သော လူ့ကျင့်ဝတ်သိက္ခာများကို မမေ့မလျော့ဖို့ ဆိုရာမှာ အကျင့်စာရိတ္တဘက်က အားကောင်းလွန်းမှသာ ရတတ်ပါသည်။

လူဖြစ်လာလျှင် တစ်ယောက်တည်းနေ၍ မရ။ တစ်ယောက်တည်း နေနိုင်သူမှာ ပါရမီထူးသော သူတော်စင် တရားရှင်သာ ဖြစ်၏။ လောကီ လူသားများမှာ အစုအဝေးနှင့် နေရသော သတ္တဝါဖြစ်၏။ ဤသို့ အကျင့်စာရိတ္တကို ပြုရ၏။ မှန်ကန်သော အကျင့်ကောင်းကို ပြုနိုင်မှ သာယာသော ဘဝကိုရနိုင်၏။

*လူတိုင်းသည် မိမိ၏အကျင့်စာရိတ္တကို တည်ဆောက်သော ဗိသုကာများဖြစ်၏။*

*(ဘုတ်မင်း)*

လူသည် တစ်ဦးနှင့်တစ်ဦး ဆက်နွယ်ပြီး အမှီသဟဲပြု နေထိုင်ကြသဖြင့် တစ်ဦးပေါ်တစ်ဦး ကောင်းရန် လောက၌ စေတနာကောင်းဖြင့် ဆောင်ရွက်သော အလုပ်တိုင်း တစ်နေ့တွင် အကျိုးပေးမည်ဖြစ်၏။ ထို့ကြောင့် မလွဲသာသဖြင့် လုပ်ရခြင်း၊ ငွေလို၍ လုပ်ရခြင်းမျိုး မဖြစ်စေဘဲ အခါခပ်သိမ်း လုပ်ငန်းတိုင်း၌ စေတနာ မှန်မြတ်ရမည် ဖြစ်သည်။

အကျင့်စာရိတ္တ ကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရား မွန်မြတ်ခြင်း၏ လက္ခဏာများမှာ-

တည်ကြည်ဖြောင့်မတ် ရိုးသားခြင်း၊

သိက္ခာ သမာဓိရှိခြင်း၊

သည်းခံ ခွင့်လွှတ်တတ်ခြင်း၊

ထောက်ထားစာနာခြင်း၊

စိတ်စေတနာဖြူစင်ခြင်း၊

တစ်ကိုယ်ကောင်း မဆန်ခြင်း၊

အများအကျိုး ဆောင်ရွက်လိုခြင်း၊

ကူညီရိုင်းပင်းတတ်ခြင်း၊

ယဉ်ကျေးသိမ်မွေ့ခြင်း၊

မိမိကိုယ်ကိုမိမိ နှိမ့်ချခြင်း၊

သစ္စာရှိခြင်း၊

ကျေးဇူးသိတတ်ခြင်း၊

မကောင်းမှုကို ရှောင်ကြဉ်ခြင်းများ ဖြစ်သည်။

လူတစ်ယောက်၌ အကျင့်ကောင်းများ ကိုယ့်ဘဝ၌ရှိနေသမျှ ရတနာတွေ ပိုင်ဆိုင်နေခြင်းဖြစ်၏။ တစ်ကိုယ်ကောင်းဆန်ခြင်းသည် အောင်မြင်ကျော်ကြားမှုနှင့် စိတ္တစွမ်းအင်က တိုးတက်ရေးကို နှောင့်နှေးစေ၏။ တစ်ကိုယ်ကောင်းဆန်ခြင်းက ကောင်းကျိုး ယာယီသာ ရပြီး ဆိုးကျိုးကို ဖြစ်စေ၏။

တစ်ကိုယ်ကောင်းဆန်ခြင်းသည် စာရိတ္တပျက်စီးနေခြင်း တစ်မျိုးဖြစ်သည်။ လူဆိုသည်မှာ ကိုယ်ချင်းစာစိတ်ရှိမှ အကျင့်ကောင်းခြင်းဖြစ်သည်။ တစ်ကိုယ်ကောင်း ဆန်းလွန်းသူ (ဝါ) မိမိကိုယ်ကိုသာ မိမိစိတ်ဝင်စားသူများသည် စာရိတ္တပိုင်းမှာ ချို့ယွင်းစမြဲဖြစ်သည်။ မိမိဘဝကို အာရုံစိုက်လွန်းပြီး တစ်ဘက်သား၏ ခံစားမှုကိုလျစ်လျူရှုတော့၏။

အကျင့်သီလ ပျက်သောသူ ဆိုသည်မှာ သိက္ခာအကျင့် မရှိသောသူ၊ မိမိ၏ စိတ်ကို မိမိ မထိန်းကျောင်းနိုင်သူကို ခေါ်၏။ စာရိတ္တ ဟူသော ဝေါဟာရက မည်သို့နည်း။

-လူသားတို့၏ ခံယူချက်ပိုင်းဆိုင်ရာ အတွေးအခေါ်၊

-စိတ်ဓာတ်ပိုင်းဆိုင်ရာ စိတ်သဘောထား၊

-ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ကျင့်ဝတ်သိက္ခာ စသည်တို့တွင် ပါဝင်သော လူ့စွမ်းရည်တစ်ရပ်ဖြစ်သည်။

စိတ်ပိုင်းဆိုင်ရာ အလေ့အကျင့်၊ အလေ့အထ၊ အမူအကျင့်စသည် စိတ်စွမ်းရည်ကို လက်ခံကျင့်သုံးသော၊ လူသားတို့ ကြံစည်၊ ပြောဆိုပြုမူ၊ ဆက်ဆံ၊ အားထုတ်မှုတို့၏ ရလဒ်ဖြစ်သော ကိုယ်ကျင့်တရားသည်ပင်လျှင် စာရိတ္တဟု ခေါ်ဆိုရပေမည်။

*အကျင့်စာရိတ္တဟူသည် စိန်တုံးတစ်တုံးနှင့် တူ၏။ အခြားမည်သည့် ကျောက်တုံးနှင့် မဆို ပွတ်တိုက်၍ ရ၏။*

*ဘာတော်(လ်)*

လူ့အနှစ်ဟာ အကျင့်စာရိတ္တဖြစ်၏။

လူတစ်ယောက်သည် ကိုယ်ကျင့်ကောင်းမှသာ မြတ်သည်ဟု ဆိုနိုင်၏။ ဥစ္စာရွှေငွေ အခြေအနေကို ကြည့်ပြီး ပိုင်းဖြတ်သည်က မမှန်နိုင်ပါ။ အကျင့်စာရိတ္တနှင့် ပိုင်းဖြတ်ကြည့်မှ မှန်မည်။

ငွေကြေး ဆင်းရဲနေသော်လည်း ကိုယ်ကျင့်တရား ကောင်းနေလျှင် လူမွန်လူမြတ် တစ်ယောက်ဟု သတ်မှတ်နိုင်သည်။ ချမ်းသာသော်လည်း အကျင့်စာရိတ္တ မကောင်းလျှင် ချမ်းသာပေမယ့် လူတော်၊ လူမြတ် မဖြစ်နိုင်တော့ပေ။

လူ့အနှစ်သည် အကျင့်စာရိတ္တသာဖြစ်ပြီး လောကကြီးထဲ၌ အကျင့်စာရိတ္တ မကောင်းသောလူကား အနှစ်မရှိသော လူ၊ အဓိပ္ပာယ်မရှိသောလူ ဖြစ်ချေတော့သတည်း။

*****

## ဦးပညာဝံသရဲ့ ဘဝအပြောင်းအလဲ

ဦးပညာဝံသဟာ သက်တော် လေးဆယ်၊ ဝါတော်က နှစ်ဆယ်ရှိပါပြီ။ သူဟာ ငယ်ဖြူဖြစ်တယ်။ တောထွက် မဟုတ်ပါ။

ရုပ်ရည်ဥပဓိသပ္ပာယ်တယ်။ တရားဟော ကောင်းတယ်။ တရားပြ ကောင်းတယ်။ မြို့မှာ သူ့ကို ကြည်ညိုကိုးကွယ်သူ ပေါများပါတယ်။ အရာရာကို စိတ်ရှည်သည်းခံတဲ့အတွက်လည်း သူ့ကို ကြည်ညိုကြပါတယ်။

တစ်လမှာ ရက်သုံးဆယ်ကျော်ရှိတဲ့အထဲမှ နှစ်ဆယ်ကျော်ဟာ အမြဲတမ်း ဆွမ်းဖိတ်နေ့ ဖြစ်နေတယ်။ သူ့ကို လှူချင်သူပေါပြီး သူ့တရားကိုလည်း နာချင်သူများပေါတယ်။ သူဟာ ပုံပြင်တွေ၊ သာဓကတွေနဲ့ တရားဟောတယ်။ သူဟာ ရုပ်ရည်သပ်ရပ်သလို အသံက ကောင်းတဲ့အတွက် သူ့ကို ကိုးကွယ် ယုံကြည် အားထားသူတွေ များပါတယ်။

သူဟာ ကျောင်းထိုင်ဆရာတော်တော့ မဟုတ်ပါဘူး။ တိုက်အုပ်စာချ ဆရာတော်ပဲ ဖြစ်တယ်။ တစ်မြို့လုံးက ကြည်ညိုအားထားကြပါတယ်။ သူ့အတွက်နဲ့ ပတ်သတ်ပြီး ကျောင်းမှာ ကထိန်ပွဲလည်း နှစ်စဉ် ဖြစ်တယ်။

ဦးပညာဝံသကို ဆန်ကုန်သည်ကြီးတစ်ဦးက သိန်းသုံးဆယ်တန် နှစ်ထပ် ကျောင်းဆောင်ကြီး လှူပါတယ်။ ကျောင်းတော်ကြီးက အလွန်ကောင်းမွန်ပြီး သီတင်းသုံးဖို့ ပျော်မွေ့ဖွယ်ဖြစ်တယ်။

လျှပ်စစ်မီး၊ ပန်ကာ၊ ရေခဲသေတ္တာ၊ လူသုံးပစ္စည်းမှန်သမျှ အစစအရာရာ ပြည့်စုံတယ်။ ဦးပညာဝံသအတွက် ပစ္စည်းလေးပါး ဒါယကာတွေ အများကြီးပါပဲ။ သူဟာ ဓမ္မာစရိယအောင်ခဲ့ပြီး စာချဆရာတော် လုပ်ခဲ့တာဖြစ်တယ်။ ကျောင်းထိုင်ဆရာတော်ကြီးကလည်း သူ့ကို အားကိုးတယ်၊ နှစ်သက်တယ်၊ နေရာလည်း ပေးတယ်။

ဦးပညာဝံသဟာ သက်တော်လေးဆယ်၊ ဝါတော်နှစ်ဆယ်မှာ ကံကြမ္မာဆိုး ဝင်တယ် ဆိုရမှာပါပဲ။ သူ့ကို ကိုးကွယ်နေတဲ့ နီးစပ်တဲ့ ဒကာမတွေထဲက အသက် နှစ်ဆယ်သာ ရှိသေးတဲ့ ဒကာမလေးတစ်ဦးနဲ့ ငြိစွန်းခဲ့ပါတယ်။

သူဟာ သတိလစ်ခဲ့တယ်။ တရားတွေကိုလည်း မေ့ခဲ့တယ်။ နီးစပ်မှုကနေ တရားတွေကို မေ့ခဲ့တာပါပဲ။ တစ်သက်လုံး သတိတရားနဲ့ နေခဲ့ပေမယ့် အသက်လေးဆယ်ကျော်မှ ကံပေါ်ပြီး သတိလစ်ခဲ့ပါတယ်။

သူဟာ နောက်ဆုံးတော့ သူ့ကိုအားကိုးပြီး စာအံနေရတဲ့ ကိုရင်သာမဏေတွေကို ကျောခိုင်းပြီး ဒကာမလေးရှိရာ တဲအိုကလေးကို ပြောင်းရွှေ့ခဲ့တယ်။ သာသနာ့ဘောင်ကို စွန့်ခွာပြီး လူ့လောကီထဲ တိုးဝှေ့ဝင်ခဲ့တယ်။

တစ်မြို့လုံးက အံ့သြနေကြတယ်။ သူဟာ ဦးပညာဝံသ ဘဝကနေ မောင်သန်းထွန်း ဘဝကို ရောက်ခဲ့တယ်။ အိမ်ထောင်ကျစမှာတော့ ရှိတာလေး စားရင်း အဆင်ပြေနေတယ်။ သူဟာ သိန်းသုံးဆယ်တန်ကျောင်းကြီးကနေ တဲအိုလေးမှာ ပျော်နေတယ်။

လောကီအလုပ်တွေကို နေ့စဉ်နှင့်အမျှ လုပ်ရင်း သားသမီးတွေ ထွန်းကားခဲ့တယ်။ နှစ်ဘယ်လောက်မှ မကြာပါဘူး။ စားဝတ်နေရေး အခက်အခဲ တွေ့လာခဲ့ပါတယ်။ ဦးသန်းထွန်း အသက် ငါးဆယ်အရွယ်မှာ မိန်းမက သုံးဆယ်အရွယ်ပဲ ရှိသေးတယ်။ မိန်းမက နောက်ကွယ်မှာ အပျော်အပါး ရှာတယ်။ စီးပွားရေး အကြောင်းပြပြီး မကြာခဏ ခရီးထွက်တယ်။

အဲဒါကို ဦးသန်းထွန်း သိတယ်။ ဒါပေမယ့် ဘယ်လိုမှ မတတ်နိုင်ဘူး။ မယားငယ်ငယ်ကို ဒီလိုပဲ လက်ပိုက်ကြည့်ပြီး ဆက်ပေါင်းနေရတယ်။ နောက်ဆုံးတော့ စားဝတ်နေရေးက မပြေလည်၊ မိန်းမကိုလည်း ထိန်းမရ အခက်အခဲပေါင်းစုံလည်း ရှိလာတဲ့အခါမှာ ဦးသန်းထွန်းဟာ စာစောင်တို့၊ ထီပေါက်စဉ်တို့ လက်ပွေ့ရောင်းတဲ့အလုပ်ကို လုပ်ခဲ့ရတယ်။

တစ်ချိန်က သိန်းသုံးဆယ်တန် ကျောင်းကြီးပေါ်က စာချဆရာတော်။ ယခုတော့ လမ်းပေါ်က လက်ပွေ့ဈေးသည်လေးဘဝ၊ တစ်လမ်းဝင် တစ်လမ်းထွက် အသက်ကြီးမှ လမ်းပေါ်မှာ ပုံကျဈေးသည်ဘဝကို ရောက်ခဲ့တယ်။ သူ့ကိုသိသူ အပေါင်းကတော့ စိတ်မကောင်းကြပါ။ အဆိုးဆုံးကတော့ သူ့မိန်းမလင်ငယ်နောက် လိုက်သွားတယ်။ သူဟာ ကလေးနှစ်ယောက်နဲ့ ကျန်ခဲ့တယ်။ ဘဝကို ပင်ပင်ပန်းပန်း ရှာဖွေစားသောက်ရင်း အသက်တွေ ကြီးလာခဲ့တယ်။

သူဟာ မဘက်လိုက် မိုက်ဘက်ပါတဲ့အတွက် ဘဝကောင်းကနေ ဘဝဆိုးကို ရောက်ခဲ့တာပါပဲ။ သူဟာ နောက်ဆုံးတော့ ရဟန်းဘောင်ကိုပဲ ပြန်ဝင်ခဲ့ပါတယ်။ သူ့ကလေးတွေကိုလည်း သာသနာ့ဘောင်ထဲ ရောက်အောင် ခေါ်သွင်းခဲ့တယ်။ ပုံပြင်ဆန်တဲ့ အဖြစ်အပျက်လေးတစ်ခုပါပဲ။ မဘက်လိုက် မိုက်ဘက်မပါကြပါနှင့်။

*သုတေသီ ဘုန်းမြင့်သွေး*